ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ သောကြာနေ့ (28-2-2014) (၇၇၇၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့်ညအပူချိန်များ

ဟားခါး	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၆ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၇ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၇ ဒီဂရီစင်တီဂရိတ်

ပြည်သူများ စားဝတ်နေရေးပြေလည်အောင် အဓိကထား ကြိုးပမ်းဆောင်ရွက်ပေးနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စုရှိ ဇဂျမ်း-ကန်မြဲကန် ပြန်လည်ပြုပြင်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ကန်မြဲကျေးရွာသို့ရောက်ရှိရာ ကျေးရွာလူထုက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ဇဂျမ်း-ကန်မြဲကန် ပြန်လည်ပြုပြင်နေမှု၊ ပြုပြင်ပြီးစီးပါက ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာမည့် အခြေအနေ၊ တောင်သာမြို့နယ်အနောက်ခြမ်း ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စုအနေဖြင့် ဤကန်ကြီး ပြန်လည်ပြုပြင်ပြီးစီးပါက ရေလုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ စီစဉ်ပေးမှုကြောင့် မကြာမီလျှပ်စစ်ဓာတ်အားလည်းရရှိတော့မည်ဖြစ်ကြောင်း၊ ရေ၊ မီး ပြည့်စုံလာသည်နှင့်အမျှ စိုက်ပျိုးရေးသာမက အိမ်တွင်းစက်မှုလုပ်ငန်းလေးများကိုလည်း လုပ်ကိုင်လာနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံများ စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ်ထားရှိသည့် စေတနာပင်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်ကလည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း ယမန်နှစ်ကဆည်/ကန်ပေါင်း ၂၀၆ ခု အသစ်တည်ဆောက်၊ ပြန်လည်တူးဖော်ပေးခဲ့ပြီး စက်ရေတွင်းပေါင်း ၃၀၁ တွင်း တူးဖော်ပေးခဲ့ပါကြောင်း၊ မိုးနည်းရေရှားရပ်ဝန်းဖြစ်သည့် မိမိတို့တိုင်းဒေသကြီးတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာမှ အသက် (၉၆)နှစ်အရွယ်ရှိ အဘွား ဒေါ်ငြိမ်းတင်အား ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်စာရင်းကောက်ယူ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်သစ်တော

ဘဲမျိုးစိတ်များကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် ဂေဟစနစ်မျိုးစုံရှိသည့် နိုင်ငံတစ်ခုဖြစ်သည်သာမက ယင်းဂေဟစနစ်များတွင် တည်မှီနေထိုင်ကြသည့် အပင်မျိုးစိတ်များနှင့် သတ္တဝါမျိုးစိတ်များစွာတို့ကိုတွေ့ရှိနိုင်သည်။ အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရေးအတွက် နေရင်းဒေသများပါဝင်သည့် ဂေဟစနစ်များနှင့် သက်ရှိဇီဝမျိုးစိတ်များကို ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် အထူးကာကွယ်ရန်လိုအပ်သော မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ရှင်သန်မျိုးပွားကျက်စားနေထိုင်နိုင်ရန်အတွက် ကာကွယ်ထိန်းသိမ်းခြင်းနှင့်ယင်းတို့၏ နေရင်းဒေသများ ရေရှည်တည်တံ့စေရန် စီမံဆောင်ရွက်ခြင်း၊ ရာသီအလိုက်ပြောင်းရွှေ့ကျက်စားလေ့ရှိသည့်ငှက်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ဘေးမဲ့ပေးရန် ကာကွယ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားဥယျာဉ်များနှင့်တိရစ္ဆာန်ဘေးမဲ့တော စုစုပေါင်း ၃၈ ခု၊ ဧရိယာအကျယ်အဝန်းအားဖြင့် စုစုပေါင်း စတုရန်းမိုင် ၁၄၆၄၅ ဒသမ ၅၉ ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

ကြေးမုံစာတည်းရှုထောင့် **၂၈-၂-၂၀၁၄၊ သောကြာနေ့**

စိုက်ပျိုးရေးနှင့် မွေးမြူရေး

မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူအားလုံး စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝသည့် အစားအစာများကို စားသောက်ကာ ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သော စိုက်ပျိုးရေးထွက်ကုန်များ နှင့် မွေးမြူရေးထုတ်ကုန်များ ဖူလုံပြည့်စုံရန်လိုအပ်ပါသည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံ၏ လူဦးရေသန်း ၆၀ အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအစား အစာများ လုံလောက်မှုရှိသော်လည်း နောင်လာမည့် နှစ်များစွာအတွင်း ဖြစ်ပေါ်လာမည့် သန်း ၁၀၀ သော လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံအောင် ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ပြန်ကြည့်လျှင် မွေးမြူရေးထက် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေလုံလောက်အောင်ရှိသောကြောင့် အနာဂတ်အတွက် စိုက်ပျိုးရေးထွက်ကုန်များမှာ ပူပန်စရာမလိုသော်လည်း မွေးမြူရေးလုပ်ငန်းများတွင်မူ အခက်အခဲများ ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမှာ ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သေးဘဲ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကိုသာ ပိုမိုလုပ်ကိုင်ကြပါသည်။ ယခုအခါ တစ်နိုင်တစ်ပိုင်သာမက စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်မွေးမြူထုတ်လုပ်လာသည်ကို တွေ့ရပါသည်။ သို့သော် လိုအပ်ချက် များစွာရှိနေဦးမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်မှာ မွေးမြူရေးအစာဖြစ်ပါသည်။ ပြည်တွင်းတွင် အစာကုန်ကြမ်း လုံလောက်မှုမရှိသဖြင့် ပြည်ပမှ မွေးမြူရေးအစာကုန်ကြမ်းများကို တင်သွင်းနေရပါသည်။ ပြည်ပမှ အစာကုန်ကြမ်း တင်သွင်းရာတွင်လည်း အစာအမယ်များ၊ ဖြည့်စွက်အစာများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်နေရပေသည်။ အစာကုန်ချောထုတ်လုပ်ရောင်းချရာတွင်လည်း ငါးရာခိုင်နှုန်းကို ရောင်းခွန်အဖြစ် ပေးဆောင်ရပြန်ပါသည်။

မွေးမြူရေးလုပ်ငန်း ချောမွေ့အဆင်ပြေစေရေးအတွက် အစာကုန်ကြမ်း တင်သွင်းခြင်းတွင် ကုန်သွယ်လုပ်ငန်းခွန်၊ အစာကုန်ချောထုတ်လုပ်မှုတွင် ရောင်းခွန်တို့ကို အခြေအနေအချိန်အခါအပေါ်မူတည်၍ မွေးမြူရေးလုပ်ငန်းများအတွက် ကန့်သတ်ချက်များကို လျှော့ချပေးရန် လိုအပ်ပေလိမ့်မည်။

ထို့အပြင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ငွေအရင်းအနှီး လိုအပ်သောကြောင့် အတိုးနှုန်းသက်သာသည့် မွေးမြူရေးချေးငွေများ ထုတ်ချေးပေးရန်လည်း လိုအပ်ပေသည်။ လုပ်ကိုင်နေသော လုပ်ငန်းများ အာမခံချက်ရှိစေရန်အတွက် နိုင်ငံတော်က ပံ့ပိုးကူညီမှုများရှိနေသော်လည်း ပိုမိုပံ့ပိုးကူညီမှုများလည်း လိုအပ်ပါသည်။

ယခုအခါ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ အသားစားနွား မွေးမြူရေးလုပ်ငန်းနှင့် အခြားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်ကို တွေ့ရပါသည်။ သို့သော် ပိုမိုတိုးချဲ့လုပ်ကိုင်ရာ၌ အဓိကအခက်အခဲများမှာ စားကျက်မြေနေရာရရှိရေးဖြစ်ပါသည်။ ဥယျာဉ်ခြံနှင့် စိုက်ပျိုးမြေများ စက်မှုလုပ်ငန်းနှင့် မြို့ပြအသစ်များမှာ အကန့်အသတ်ဖြင့် ပိုင်းခြားထား၍ စားကျက်မြေအတွက် အခက်အခဲ ရှိနိုင်ပါသည်။

ထို့ကြောင့် မွေးမြူရေးဇုန်များ တိုးချဲ့ဖော်ထုတ်ပေးရန်နှင့် မြေလွတ်မြေရိုင်းများ၊ စိုက်ပျိုးရန်မဖြစ်သော မြေများကို ပေါင်းစည်းလယ်ယာအဖြစ် ဖော်ထုတ်၍ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သင့်ပါသည်။ စိုက်ပျိုးမြေကို အလေးထားဆောင်ရွက်နေသကဲ့သို့ မွေးမြူရေးမြေများကိုလည်း ဖော်ထုတ်လုပ်ကိုင်ကြပြီး မွေးမြူရေးအစားအစာများအတွက် ဖြေလျှော့ဆောင်ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ အမှန်တကယ်တိုးတက်လာမည်ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းတွင် မွေးမြူရေးအစာကုန်ကျစရိတ်မှာ ၇၀ ရာခိုင်နှုန်းရှိသဖြင့် အစာအတွက် ကုန်ကျစရိတ် လျှော့နည်းသက်သာအောင်၊ ဈေးနှုန်းတည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စားကျက်မြေလည်းရ အစာဈေးနှုန်းလည်း တည်ငြိမ်သက်သာမှသာ အသား၊ ငါး၊ နို့နှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများ လျော့ကျလာပြီး မွေးမြူရေးထုတ်ကုန်များ သွက်လက်လာကာ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အနာဂတ်ကာလ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ မြင့်မားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများလည်း တိုးတက်ခိုင်မာလာရန် လိုအပ်သဖြင့် မွေးမြူရေးလုပ်ငန်းလိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပူတာအိုမြို့ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအသီးသီးမှ နာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယမန်နေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ် ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓဗဟိုသာသနာပြုကျောင်းတိုက်၌ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအသီးသီးမှ သံဃနာယကဆရာတော်ကြီးများနှင့် ကျောင်းထိုင်ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းအတွက် ငွေကျပ် ၅၄ သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ [illegible] နိုင်ငံခြားငွေလဲလှယ်နှုန်း

[illegible] ဖေဖော်ဝါရီ ၂၇

ရန်ကုန် ရွှေဈေး	၆၈၄၅၀၀	- ၆၈၅၅၀၀
မန္တလေး ရွှေဈေး	၆၈၄၂၀၀	- ၆၈၅၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၆. ၇
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၄၈
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၀. ၆၆
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၇၅
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၆၈
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၇၅
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၁. ၁၃
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၉၅၄
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၇. ၈၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းအဖွဲ့များစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လမ်း/တံတားလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ လမ်းပိုင်းအချို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနအပြင် BOTကုမ္ပဏီများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း/တံတားများ တိုးတက်ကောင်းမွန်ရေးအတွက် အင်ဂျင်နီယာမှူးကြီးများက အလေးထားဆောင်ရွက်ကြရန်နှင့် BOT လုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိဝန်ကြီးဌာနလုပ်ဆောင်ချက်များကို ပြည်သူဗဟိုပြုလုပ်ဆောင်ရန်နှင့် BOT ကုမ္ပဏီများ တာဝန်ယူဆောင်ရွက်သောလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် လမ်း/တံတား အသုံးပြုခကောက်ခံရာတွင် သတ်မှတ်နှုန်းထားများအတိုင်း စနစ်တကျကောက်ခံရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီမိုကရေစီအနှစ်သာရ ခံစားလိုက အခွင့်ပေးကြ

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇဂျမ်းကျေးရွာတွင် စက်ရေတွင်းမှ သောက်သုံးရေများ ထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ပြည်သူများမှ

ယခုနှစ်တွင်လည်း ဆည်/ကန်ပေါင်း ၂၁၆ ခုကို တူးဖော်ပေးနေသည့်အပြင် ယခုဇဂျမ်း-ကန်မြဲကန်ကြီးကိုလည်း ပြန်လည်ပြုပြင်ပေးနေပြီဖြစ်ကြောင်း၊ အမှန်တကယ်ရေလိုအပ်သည့် ကျေးရွာများတွင် လက်တွေ့ရေရရှိအောင် ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တောင်သာမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများအား ပြောကြားရာတွင် ဤဒေသရှိကျေးရွာများမှာ သွားလာရေးခက်ခဲပြီး မိုးခေါင်ရေရှားဒေသဖြစ်သဖြင့် သောက်သုံးရေလည်း လုံလောက်စွာမရရှိကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့ သောက်သုံးရေဖူလုံစွာ ရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ပြည်သူများလူနေမှုဘဝမြင့်မားလာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်မှာပင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် ယင်းလုပ်ငန်းများ အောင်မြင်ပါမှ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် မှီတင်းနေထိုင်ကြသည့်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ တယ်လီဖုန်း ဆက်သွယ်မှုများ အားကောင်းလာစေရေး၊ ပညာရေး၊ ကျန်းမာရေး ပါမကျန် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ သို့မှသာ ယခင်မိုးရာသီ တစ်သီးသာစိုက်နိုင်ရာမှ တစ်နှစ်နှစ်သီး၊ သုံးသီးအထိ စိုက်ပျိုးလာနိုင်ပြီး ကျေးလက်ပြည်သူများ၏ ဝင်ငွေသည်လည်း နှစ်ဆမှ သုံးဆတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အပြန်အလှန်အကျိုးပြုနေသည့် လုပ်ငန်းများဖြစ်သဖြင့် တွဲဖက်လုပ်ကိုင်စေလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး ပြေလည်အောင် အဓိကထား ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း။

အခြားတစ်ဖက်တွင်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ့စီးပွားရေးအခွင့်အလမ်းမှာ ပွင့်လန်းလာပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိပြီး စီးပွားရေးလုပ်ငန်းများလည်း တိုးတက်အောင်မြင်လာပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အစိုးရအဖွဲ့တစ်ခုတည်းက ဆောင်ရွက်၍မရဘဲ ပြည်သူများကပါ ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စုမှ ဒေသခံများက ကန်ပြုပြင်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်းတို့အတွက် ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဇဂျမ်း-ကန်မြဲကန်ကြီးနှင့် စက်ရေတွင်းများ တူးဖော်ပေးနေသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒေသခံဘိုးဘွားများ၊ ရင်သွေးငယ်များနှင့် ပြည်သူများအား ဗုဒ္ဓရုပ်ပွားတော်၊ ဆိုလာမီးအိမ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ၊ မွေးမြူရေးဘဏ်စနစ်ဖြင့်ဖြန့်ဖြူးပေးသည့်အသားတိုးဝက်နှင့် တိုင်းရင်းကြက်များကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကန်မြဲစက်ရေတွင်းမှ ရေစတင်ထွက်ရှိမှု၊ ဇဂျမ်း-ကန်မြဲကန်ကြီး ပြန်လည်ပြုပြင်နေမှုနှင့် ဇဂျမ်းအထကကျောင်းဝင်းအတွင်း တူးဖော်ပြီးစီးသည့် စက်ရေတွင်းမှ သောက်သုံးရေများ ရရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဇဂျမ်း-ကန်မြဲကန်သည် တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စု၏ သောက်သုံးရေကန်ကြီးဖြစ်သည်။ အနော်ရထာမင်းလက်ထက်က တည်ဆောက်ခဲ့သောကန်ဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ သဲနုန်းများပို့ချမှုကြောင့် ရေသိုလှောင်နိုင်မှုနည်းပါးပြီး ရေဝင်ရောက်မှုလည်း လျော့နည်းလာသဖြင့် ယခုကဲ့သို့ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်သည်။

ကန်ကြီးမှာ ဇဂျမ်းကျေးရွာအပါအဝင် ကျေးရွာအုပ်စု နှစ်စု၊ ကျေးရွာပေါင်း ၁၅ ရွာမှ အိမ်ထောင်စု ၄၀၀၀ ကျော်၊ လူဦးရေ ၂၂၀၀၀ ခန့်က မှီခိုအားထားရပြီး ယခင်က သောက်သုံးရေသာမက စိုက်ပျိုးရေအတွက်ပါ အားထားရသော ကန်ကြီးဖြစ်သော်လည်း ကန်ယိုယွင်းလာမှုကြောင့် ကန်ရေကို နှစ်ပတ်လည် အသုံးပြုနိုင်ခြင်း မရှိတော့ပေ။

အဆိုပါရေကန်ကြီးကို ဆည်မြောင်းဦးစီးဌာနက ဇန်နဝါရီလမှ စတင်၍ ပြုပြင်လျက်ရှိပြီး မတ်လကုန်တွင် ပြန်လည်ပြုပြင်ပြီးစီးမည်ဖြစ်သည်။ ပြုပြင်ပြီးစီးပါက ယခင်က ရေဂါလန် ၁၄၆ သိန်းသာသိုလှောင်နိုင်ရာမှ ရေဂါလန် ၄၀၅ သိန်းအထိ သိုလှောင်နိုင်မည်ဖြစ်ပြီး လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစေမည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ကန်မြဲကျေးရွာတွင် စက်ရေတွင်းတူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနကလည်း တောင်သာမြို့နယ် အနောက်ဘက်ခြမ်းဒေသများ ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇဂျမ်း၊ ကန်မြဲ၊ မြို့ဘ၊ ကျောင်းအို၊ ဥသျှစ်ပင်၊ ချောင်းဆုံ(အနောက်)၊ ထန်းပေါက်ကုန်းနှင့် ကန်သုံးဆင့်ကျေးရွာများတွင် လေးလက်မ စက်ရေတွင်း ရှစ်တွင်းကို တစ်ပြိုင်တည်း တူးဖော်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ယင်းစက်ရေတွင်းများမှ သန့်ရှင်းသော သောက်သုံးရေကို ရရှိသုံးစွဲနေကြပြီဖြစ်သည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း တောင်သာမြို့ အနောက်ဘက်ခြမ်းကျေးရွာများမှ ပြည်သူများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၉ ဒသမ ၅ မိုင်ရှိ တောင်သာ-နတ်စောင့်-ဇဂျမ်း (၁၁)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံနှစ်ရုံတို့ကို တည်ဆောက်ပေးလျက်ရှိသည်။ ယင်းဓာတ်အားလိုင်းမှ တစ်ဆင့် ကျေးရွာအလိုက် ဓာတ်အားသွယ်ယူသုံးစွဲပါက ကျေးရွာပေါင်း ၂၆ ရွာရှိ အိမ်ခြေ ၅၅၀၀ ကျော်တို့မှာ လျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ ယင်းလျှပ်စစ်ဓာတ်အားဖြင့် ကျေးရွာများရှိ စက်ရေတွင်းများမှ ရေကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတသည် ဇဂျမ်း-ကန်မြဲ ကျေးရွာအုပ်စုမှတစ်ဆင့် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာအနီးရှိ ကန်နားရေကန်ကြီးသို့ ရောက်ရှိပြီး ကန်ကြီးပြန်လည်ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးငွေဦးက ကန်ပြန်လည်ပြုပြင်ထားမှုနှင့် ဆက်လက်ပြုပြင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကန်နားကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကိုပေးအပ်ခဲ့သည်။

အဆိုပါကန်ကြီးမှာ ကန်နားကျေးရွာအနီး ရေလည်ချောင်းနှင့် နဘဲမြစ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားရေလှောင်တမံဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် သဲနုန်းမြေကြီးကျင်းပေါင်း နှစ်သိန်းတူးဖော်ခဲ့ခြင်းကြောင့် ၄၄၄ ဧကပေအထိ ရေကို ပိုမိုသိုလှောင်နိုင်ခဲ့သည်။ ယင်းသို့တူးဖော်ခြင်းဖြင့် နှစ်စဉ်လေလွင့်ဆုံးရှုံးနေသော ရေပိုရေလျှံများအား ပိုမိုသိုလှောင်နိုင်သဖြင့် ဒေသခံပြည်သူများ သီးထပ်၊ သီးညှပ်ပိုမို စိုက်ပျိုးလာနိုင်မည့်အပြင် သောက်သုံးရေကိုလည်း လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခရိုင်းမီးယားဒေသရှိ အစိုးရအဆောက်အအုံများကို လက်နက်ကိုင်များ သိမ်းပိုက်ပြီး ရုရှားနိုင်ငံအလံလွှင့်ထူ

စင်ဖီးရိုပိုလ်း(ယူကရိန်း) ဖေဖော်ဝါရီ ၂၇

ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသမှ ဒေသဆိုင်ရာ အစိုးရရုံး အဆောက်အအုံများကို လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် ဒါဇင်နှင့်ချီသော သေနတ်သမားများက ကြာသပတေးနေ့စောစောပိုင်းတွင် သိမ်းပိုက်ထားပြီး ရုရှားနိုင်ငံအလံကို လွှင့်ထူခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ **(အောက်ပုံ)**

ယူကရိန်းနိုင်ငံ၌ သုံးလကြာ လူထုအုံကြွမှုပေါ်ပေါက်ခဲ့ပြီး ရုရှားလိုလားသော သမ္မတကို ရာထူးမှဖယ်ရှားခဲ့သည်။

ယင်းဖြစ်စဉ်များကြောင့် ယူကရိန်းနိုင်ငံအတွင်း၌ တင်းမာမှုများ မြင့်တက်လာစေခဲ့ပြီး ရုရှားယိမ်းသောအုပ်စုနှင့် အနောက်ယိမ်းသောအုပ်စုဟု ကွဲသွားခဲ့သည်။ နယ်စပ်ဒေသ၌ ရုရှားစစ်သား ၁၅၀၀၀ခန့်သည် စစ်ရေးလေ့ကျင့်ခဲ့ပြီး ရုရှားတိုက်လေယာဉ်များက နယ်စပ်ကို ဖြတ်ကျော်၍ ကင်းလှည့်ပျံသန်းခဲ့သည်။

ယူကရိန်းနိုင်ငံ၏ ခေတ္တသမ္မတ အိုလက်စန္ဒြာတာချီနော့ဗ်က ခရိုင်းမီးယားရှိ ရုရှားစစ်စခန်း၏အပြင်ဘက်တွင် ယင်း၏စစ်သားများက မည်သည့်လှုပ်ရှားမှုကိုမဆို လုပ်ဆောင်ခြင်းအား စစ်ရေးအရကျူးကျော်ခြင်းဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ **အေပီ။**

ဂျပန်နိုင်ငံ နာဂိုရာပင်လယ်ဆိပ်ကမ်း၌ ပြည်ပသို့ တင်ပို့မည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

အာဆီယံစီးပွားရေးတိုးတက်မှု နှေးကွေး ဂျပန်ကုန်သွယ်ရေး၌ သက်ရောက်ဖွယ်ရှိ

တိုကျို ဖေဖော်ဝါရီ ၂၇

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန် နှေးကွေးနေခြင်းသည် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးအပေါ် ဆိုးကျိုးသက်ရောက်ဖွယ်ရှိကြောင်း ဂျပန်ဗဟိုဘဏ်၏ မူဝါဒရေးဆွဲသူတစ်ဦးက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

စီးပွားရေးထွန်းသစ်စနိုင်ငံများ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်များ ပြန်လည်နာလန်ထူလာခြင်းအပေါ် အခြေခံကာ တိုးတက်လာမည့် လက္ခဏာများ ပြသနေကြောင်း၊သို့ရာတွင် အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန် နှေးကွေးနေခြင်းကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်များမှ အကျိုးကျေးဇူးရရှိနိုင်မှု နည်းပါးနေကြောင်း ဂျပန်ဗဟိုဘဏ်၏ စီးပွားရေးပညာရှင် ကိုဂျီအိရှိဒါက ပြောကြားသည်။

အာဆီယံနိုင်ငံအချို့၌ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုမရှိခြင်းကြောင့် စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေပြီး ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးတို့အပေါ် အကျိုးသက်ရောက်မှုရှိလာမည်ကို စိုးရိမ်ပူပန်မိကြောင်း အိရှိဒါက ပြောကြားသည်။ **ကျိုဒို။**

ယူကရိန်း သမ္မတဟောင်း မော်စကိုမြို့တွင် ရောက်ရှိနေဟုဆို

မော်စကို ဖေဖော်ဝါရီ ၂၇

တိမ်းရှောင်နေသော ယူကရိန်းသမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်က အစွန်းရောက်ဝါဒီများ၏ ဘေးရန်မှ ၎င်းအား ကာကွယ်ပေးပါရန် ရုရှားနိုင်ငံကို ကြာသပတေးနေ့တွင် မေတ္တာရပ်ခံခဲ့သည်။

၎င်းကို မော်စကိုမြို့ ဟိုတယ်တစ်ခုတွင် တွေ့မြင်ခဲ့ကြောင်း၊ ယခုအခါတွင် မြို့တော်၏အပြင်ဘက်ရှိ ကရင်မလင် နာလန်ထဆေးကုသရေးဌာနတွင်ရှိနေကြောင်း ရုရှားသတင်းဌာနတစ်ခုက ဖော်ပြသည်။

လွန်ခဲ့သည့် သီတင်းပတ်၌ ကီယက်ဗ်မြို့မှ ထွက်ပြေးသွားခဲ့သည့် ယာနူကိုဗစ်ချ်က ကြာသပတေးနေ့တွင် ကြေညာချက် ထုတ်ပြန်ရာ သူ့ကိုယ်သူ တရားဝင်သမ္မတအဖြစ် ရှိနေဆဲဖြစ်သည်ဟု ဖော်ပြထားသည်။

အနောက်အုပ်စုက ယူကရိန်းအစိုးရသစ်ကို အသိအမှတ်ပြုပြီး စနေနေ့မှစ၍ ၎င်းမှာလူထုမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။ ရုရှားနိုင်ငံက ၎င်းကို တရားဝင်သမ္မတအဖြစ် အသိအမှတ်ပြုထားဆဲဖြစ်သည်။

ရုရှားသမ္မတရုံးအဖွဲ့ အဆောက်အအုံဌာနကကြီးကြပ်သော ဘာဆီကာ နာလန်ထဆေးကုသရေးဌာနတွင် ယာနူကိုဗစ်ချ် နေထိုင်လျက်ရှိကြောင်း ဘာစီကေသတင်းဌာနက ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ဖော်ပြခဲ့သည်။

ဘာစီကေ၏သတင်းကို အတည်ပြုရန် မဖြစ်နိုင်ပေ။ သို့သော် ယူကရိန်းနားဟိုတယ်၌ ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ထုံးစံမဟုတ်ဘဲ လုံခြုံရေးတင်းကျပ်စွာ စောင့်ကြပ်လျက်ရှိသည်ဟုဆိုသည်။ အေပီ။

လူအန်ဒါ ဖေဖော်ဝါရီ ၂၇

အင်ဂိုလာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းတွင် ပြန်ပေးဆွဲခံခဲ့ရသော ရေနံတင်သင်္ဘောကြီးပေါ် တင်ဆောင်ထားသည့် အမေရိကန် ဒေါ်လာ ရှစ်သန်းတန်ဖိုးရှိ ဒီဇယ်ဆီများကို ပြန်ပေးဆွဲသူများက လုယက်ယူဆောင်ခဲ့ကြောင်း နိုင်ငံပိုင်ရေနံကုမ္ပဏီ ဆိုနန်ဂိုးလ်၏ အမှုဆောင်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

အင်ဂိုလာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောမှ ဒီဇယ်ဆီလုယက်ခံရ

ဂီနီ ပင်လယ်ကွေ့၌ လှုပ်ရှားနေသော ပင်လယ်ဓားပြများကို တွေ့ရစဉ်။

ပြန်ပေးဆွဲခံခဲ့ရသော ရေနံတင်သင်္ဘောကြီးမှာ လိုက်ဘေးရီးယားမှတ်ပုံတင် အမ်တီကီရာလာအမည်ရှိ သင်္ဘောဖြစ်ပြီး ဆိုနန်ဂိုးလ်ရေနံကုမ္ပဏီက ရေနံတင်ပို့နိုင်ရန် စင်းလုံးငှား အသုံးပြုလျက်ရှိသည်။

ပြန်ပေးဆွဲ

အဆိုပါ ရေနံတင်သင်္ဘောကြီးသည် ဇန်နဝါရီ ၁၈ရက်က အင်ဂိုလာနိုင်ငံမြို့တော်လူအန်ဒါ၏ပင်လယ်ကမ်းရိုးတန်းကမ်းလွန်တွင် ပြန်ပေးဆွဲခံခဲ့ရသည်။ ပြန်ပေးဆွဲသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့အပြီး ရက်သတ္တတစ်ပတ်အကြာတွင် အဆိုပါ ရေနံတင်သင်္ဘောကြီးကို နိုင်ဂျီးရီးယားရေတပ်က ကြားဖြတ်ဟန့်တား စစ်ဆေးခဲ့ရာတွင် ရေနံတင်သင်္ဘောပေါ်ရှိ ဒီဇယ်များကို ပြန်ပေးသမားများက လုယက်ယူဆောင်သွားပြီးဖြစ်သည်ကို တွေ့ရှိရသည်။

နိုင်ဂျီးရီးယား ရေတပ်သည် အမ်တီကီရာလာ ရေနံတင်သင်္ဘောကို အင်ဂိုလာနိုင်ငံပိုင် ရေနံကုမ္ပဏီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုဖြစ်ရပ်သည် ဂီနီပင်လယ်ကွေ့မှ တောင်ဘက်သို့ ပင်လယ်ဓားပြများ နယ်ချဲ့လာသည်ကို ဖော်ညွှန်းနေကြောင်း၊ အာဖရိကတိုက်တွင် ရေနံအများဆုံးထုတ်လုပ်သော နိုင်ဂျီးရီးယားနိုင်ငံအနီးရှိ ဂီနီပင်လယ်ကွေ့တွင် လှုပ်ရှားနေသည့် ပင်လယ်ဓားပြဂိုဏ်းများသည် အင်ဂိုလာနိုင်ငံဘက်သို့ အင်အားတိုးချဲ့လာနေကြောင်း ဆိုနန်ဂိုးလ်ရေနံကုမ္ပဏီ၏ အမှုဆောင်အရာရှိ အင်နာဘယ်လာဖွန်ဆီကာက ပြောကြားသည်။

အင်ဂိုလာနိုင်ငံသည် အာဖရိကတိုက်တွင် ကမ်းလွန်ရေနံထုတ်လုပ်မှုအရ ဒုတိယနေရာ၌ ရပ်တည်နေသော နိုင်ငံဖြစ်သည်။ **ရိုက်တာ။**

အင်ဒိုနီးရှားတွင် တောမီးကြောင့် အရေးပေါ်အခြေအနေကြေညာ

ဂျကာတာ ဖေဖော်ဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံ ရီယာအူပြည်နယ်၌ တောမီးလောင်ရာမှ မီးခိုးမြူများဖုံးအုပ်သဖြင့် ကြာသပတေးနေ့တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ယင်းသို့ဖြစ်ပွားသဖြင့် လေယာဉ်ပျံသန်းမှုများ၊ ရေကြောင်းသွားလာမှုများအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရပြီး အသက်ရှူခြင်းဆိုင်ရာ ပြဿနာများ သိသာစွာ မြင့်မားလာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆီအုန်းအဓိကစိုက်ပျိုးသည့် လူဦးရေငါးသန်းရှိသော ယင်းပြည်နယ်တွင် တရားမဝင်ဆီအုန်း စိုက်ပျိုးရန် စိုက်ပျိုးမြေရှင်းလင်းခြင်းနှင့် ပူပြင်းခြောက်သွေ့သောရာသီ ရှည်လျားခြင်းတို့ကြောင့် တောမီးလောင်ပြီး မီးခိုးမြူများ ဖုံးလွှမ်းမှုမှာ သီတင်းပတ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ရရှိထားသည့် သတင်းအချက်အလက်များအရ တောမီးလောင်မှုမှာ ပိုမိုပြင်းထန်လာကြောင်း၊ မီးသတ်လေယာဉ်များ အသုံးပြု၍ မီးငြိမ်းသတ်ရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆူတူပိုပါဝိုနူဂရိုဟိုက ပြောသည်။ အချို့သောတောမီးလောင်ခြင်းမှာ ရည်ရွယ်လုပ်ဆောင်သည့်ရှို့မီးများ ဖြစ်သည်ဟုဆိုသည်။ **ရိုက်တာ။**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဇဝနအမှူးပြုသည့် ဧည့်သည်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(အောက်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရေးရာကော်မတီအဖွဲ့ဝင် ဦးစိုးဟန်လင်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့မှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဦးဆန္ဒာဝရ၊အဖွဲ့ဝင်ဆရာတော် ဦးကုမုဒ၊ရန်ကုန်မြို့ရှိ ဓမ္မမောဠိဝိဟာရ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါက်တာမိုလိနီနှင့် ဗုဒ္ဓဂယာ တိပိဋကပူဇော်ပွဲအခမ်းအနားဖြစ်မြောက်ရေးအလှူရှင် မဒမ်ဝမ်မိုဒစ်ဆေတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ဥက္ကဋ္ဌဆရာတော် ဦးဇဝနအမှူးပြုသော ဧည့်သည်အဖွဲ့က အိန္ဒိယနိုင်ငံ ဂယာမြို့ရှိ မဟာဗောဓိစေတီတော်တွင် နှစ်စဉ်ကျင်းပသည့် တိပိဋကရွတ်ဖတ်ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် တိပိဋကရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ရေး ဖိတ်ကြားခဲ့သည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ဖွဲ့မှ သန်းခေါင်စာရင်းကိစ္စညှိနှိုင်းဆွေးနွေးလိုသူ ၂၄ ဦးအား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ Mount Pleasant Hotel ၌ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson နှင့် တာဝန်ရှိသူများ၊ ကချင်၊ ကယန်း၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ တအာင်း(ပလောင်)၊ နာဂ စသည့် တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ဖွဲ့မှ သန်းခေါင်စာရင်းကိစ္စညှိနှိုင်းဆွေးနွေးလိုသူ ၂၄ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်လုံးကျွတ်အဆင့်သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်းမရှိပါကြောင်း၊ နှစ်ပေါင်း(၃၀)ကြာ ယခုနှစ် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ခက်ခဲနက်နဲပြီးကြီးမားကျယ်ပြန့်သည့်အတွက် နိုင်ငံတကာတွင်လည်း (၁၀)နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူကြပါကြောင်း။

နိုင်ငံတော်အစိုးရသစ်တာဝန်ယူချိန်၌ နိုင်ငံ၏လက်ရှိနှင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲရန် တိကျမှန်ကန်သည့်လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်ရေးအတွက်လည်းကောင်း၊ နှစ်ပေါင်း(၃၀)ကြာ မဆောင်ရွက်နိုင်သည့်လုပ်ငန်းကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်သူများ၏ တောင်းဆိုချက်ကြောင့်လည်းကောင်း နိုင်ငံတော်အစိုးရက အစိုးရနှင့် ပြည်သူပူးပေါင်းကာ ယခုကဲ့သို့စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးနှင့် လူ့အခွင့်အရေးစံနှုန်းနှင့်အညီဖြစ်စေရေးတို့အတွက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့်ပူးပေါင်းကာ သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့များ အကြံပြုချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံ၏မတူကွဲပြားမှုများကို အလေးထားဖြည့်ဆည်းနိုင်ရေးအတွက် လူဦးရေနှင့်ဖွဲ့စည်းနေထိုင်မှုစနစ်ကို အတိအကျသိရှိနိုင်ရန် ကောက်ယူသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ဆင်ခြင်တုံတရားတို့အပေါ် ဆင်ခြင်သုံးသပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဓိက အရေးကြီးဆုံးမှာ ပြည်သူများ ပူးပေါင်းပါဝင်ပြီး သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားကြရန်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ မှန်မှန်ကန်ကန် ဖြေကြားနိုင်ရန် ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့်လည်း တိုင်းဒေသကြီး ပြည်နယ်အနှံ့ကွင်းဆင်းကာ သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများ ဒေသခံပြည်သူများအား သန်းခေါင်စာရင်းလုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းချပြလျက်ရှိပါကြောင်း၊ သတင်းမီဒီယာများကိုလည်း အကြိမ်ကြိမ်တွေ့ဆုံရှင်းလင်းပြီးဖြစ်ပါကြောင်းနှင့် ရုပ်မြင်သံကြားသတင်းစာ၊ ဂျာနယ်၊ တွေ့ဆုံမေးမြန်းခြင်း၊ ဇာတ်လမ်းတို၊ သီချင်း၊ သတင်းဆောင်ပါးများကိုလည်း ထုတ်လွှင့်ဖော်ပြလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို နှစ်နှစ်ကျော်ကာလအတွင်း မည်ရွေ့မည်မျှ အချိန်ယူဆောင်ရွက်ခဲ့ရသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ယခုဆက်လက်၍လည်း ပြည်သူလူထု အသိပညာပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းကဲ့သို့ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများက မရှင်းလင်းသည်များ သိရှိလို၍ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါကြောင်း၊ ယခုတက်ရောက်လာကြသည့် တိုင်းရင်းသားများအနေဖြင့်လည်း သန်းခေါင်စာရင်းကောက်ယူရေးကိစ္စအပေါ် ဆွေးနွေးလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးနိုင်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအပေါ် ဒေသခံတိုင်းရင်းသားများ၏ မရှင်းလင်းသည့်အချက်များကို အသီးသီးတင်ပြပြောဆိုကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားများကိုယ်စား ချင်းတိုင်းရင်းသားအဖွဲ့မှ ဆလိုင်းအိုက်ဇက်ခင်က သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများနှင့် သိရှိလိုသည်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အား အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ည ၇ နာရီတွင် ရုပ်သိမ်းလိုက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဆင်း

သဲကုန်း ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အမှတ်စဉ်(၁/၂၀၁၄) လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှုသင်တန်းဆင်းပွဲကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဦးခင်မောင်ဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးတို့က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဦးခင်မောင်ဇင်၊ ခရိုင်တာဝန်ခံ ဦးခင်မောင်ကျော်၊ မြို့နယ်တာဝန်ခံ ဦးကျော်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် အဖွဲ့ဝင်များက သင်တန်းသားများ လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

Win & San Diamonds and Fine jewelry
[illegible]
[illegible] Win & San Diamonds and Fine Jewelry မှ [illegible] (Discount 12% to 30 %) [illegible]
[illegible]
Promotion Date : 28.2.2014 ,1.3.2014, 2.3.2014
[illegible]

မီးလောင်ခြင်းများရဲ့နောက်ဝယ်. . .

ဒေါက်တာမောင်မောင်သိမ်း

ရာသီဥတုလေးပူလာတာနဲ့အမျှ မီးလောင်မှုတွေဖြစ်လာပါတယ်။ ရှေးခေတ်သတင်းစာတွေရဲ့ အသုံးအနှုန်းအတိုင်း ပြောရရင်တော့ မီးသေတ္တာကြီးပွင့်စပြုလာပြီပေါ့။ မီးသတိပြုစရာဆောင်းပါးတွေ၊ talk show တွေကိုလည်းဖတ်ရ၊ မြင်ရ၊ ကြားရနေပါတယ်။ အင်မတန်မှကောင်းမွန်တဲ့ သတိပေးချက်၊နှိုးဆော်ချက် ပညာပေးတွေဖြစ်ပါတယ်။ လွန်စွာမှအဖိုးတန်လှပါတယ်။

"မီး" ဟာ မြန်မာပြည်တစ်ခုတည်းမှာသာ အန္တရာယ်ပေးနေတာမဟုတ် ပါဘူး။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အန္တရာယ်ပေးနေတာဖြစ်ပါတယ်။ တိုးတက်လှပါတယ်ဆိုတဲ့ အမေရိကန်ပြည်ထောင်စုမှာတောင် ၂၀၁၃ စက်တင်ဘာလမှာထုတ်ပြန်တဲ့ အစီရင်ခံစာတစ်စောင်အရ ၂၀၁၂ မှာ မီးလောင်မှုပေါင်း ၁၃၇၅၀၀၀ ဖြစ်ပွားခဲ့တယ်။ လူပေါင်း ၂၈၅၅ ဦး မီးလောင်မှုကြောင့်သေဆုံးခဲ့တယ်။ လူပေါင်း ၁၆၅၀၀ ထိခိုက်ဒဏ်ရာရခဲ့တယ်။ အမေရိကန် ဒေါ်လာ ၁၂၄၂၇၀၀၀၀၀၀ တန်ဖိုးရှိတဲ့ ပစ္စည်းတွေဆုံးရှုံးခဲ့တယ်လို့သိရပါတယ်။ ဇယားလေးနဲ့ရှင်းအောင်ပြရရင်တော့-

အမေရိကန်ပြည်ထောင်စု ၂၀၁၂

မီးလောင်မှုပေါင်း	၁၃၇၅၀၀၀
မီးကြောင့်သေဆုံးမှု	၂၈၅၅
မီးကြောင့်ဒဏ်ရာရမှု	၁၆၅၀၀
မီးကြောင့်ပစ္စည်းဆုံးရှုံးမှု	USD- ၁၂၄၂၇၀၀၀၀၀၀

အဲဒီဇယားအပေါ်အခြေခံပြီး တွက်ချက်ပြထားတာက ပိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ၂၀၁၂ တွင် သုံးနာရီ လေးမိနစ်ကြာတိုင်း လူတစ်ယောက်မီးလောင်လို့သေတယ်။ ၃၂ မိနစ်ကြာတိုင်း လူတစ်ဦးဟာ မီးကြောင့်ထိခိုက်ဒဏ်ရာရတယ်။ တစ်နေ့မှာ ပျမ်းမျှမီးလောင်မှုပေါင်း ၃၇၆၇ ကျော်ဖြစ်ပွားတယ်လို့သိရပါတယ်။ မီးကြောင့်သေဆုံးသူတွေရဲ့ ၈၃ ရာခိုင်နှုန်းဟာ အိမ်မီးလောင်မှု (Home Fire) ကြောင့်ဖြစ်တယ်လို့လည်းသိရပါတယ်။ အမေရိကန်မီးသတ်တပ်ဖွဲ့ဟာ ၃၂ စက္ကန့်ကြာတိုင်း ကြာတိုင်း မီးလောင်မှုတစ်ခုကို တုံ့ပြန်ရတယ်။ ၈၅ စက္ကန့်ကြာတိုင်း ကြာတိုင်း အိမ်မီးလောင်မှုတစ်ခုသတင်းပို့တယ်လို့လည်းသိရပါတယ်။

မြန်မာပြည်အနေအထားကို ပြန်ကြည့်ရင် မြဝတီသတင်းစာ ၁၇-၂-၂၀၁၃ ထုတ်မှာပါတဲ့ ဆောင်းပါးရှင် "အောင်ခန့်ဖြိုးဝေ(တောင်ငူ)" ရဲ့ "ဈေးများမီးဘေးကင်းဝေးရေး ဝိုင်းဝန်းဆောင်ရွက်ပေး" ဆောင်းပါးအရ ၂၀၁၃ ခုနှစ်မှာ မီးလောင်မှု ၁၆၇၃ ကြိမ်ဖြစ်ပွားခဲ့တယ်။ သေဆုံးသူ ၈၂ ဦး၊ ဒဏ်ရာရသူ ၁၆၈ ဦးရှိခဲ့တယ်လို့သိရပါတယ်။ တစ်နေ့မှာ မီးလောင်မှုငါးကြိမ်ခန့်ဖြစ်ပွားခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

"မီးကိုမလောင်ခင်တား" ဆိုတဲ့ သဘောတရားအရ မီးမလောင်အောင် အမျိုးမျိုးကြိုတင်ကာကွယ်ကြပါတယ်။ မီးလောင်မှု မဖြစ်ပွားအောင်၊ ဖြစ်ပွားလာပါက အလျင်အမြန်ငြိမ်းသတ်နိုင်အောင် smoke detector တို့၊ sprinkler တို့စတဲ့ သိပ္ပံကိရိယာတွေနဲ့ရော ကြံဆကြပါတယ်။ Risk Management လို့ခေါ်တဲ့ "ဆုံးရှုံးမှုဖြစ်နိုင်ခြေစီမံခန့်ခွဲမှု ပညာ"အမြင်မှာတော့ မီးလောင်မှုဟာ ဆုံးရှုံးနိုင်ခြေတစ်ရပ်ဖြစ်ပါတယ်။ ဘယ် ဆုံးရှုံးနိုင်ခြေကိုပဲဖြစ်ဖြစ် မဖြစ်အောင်၊ အကျိုးသက်ရောက်မှုနည်းအောင်၊ ဆုံးရှုံးမှုကိုပျောက်သွားအောင် လွှဲပြောင်းပေးခြင်းဟာ Risk Management ရဲ့အဓိကရည်မှန်းချက်များဖြစ်ပါတယ်။

ဆုံးရှုံးမှုဖြစ်နိုင်ခြေစီမံခန့်ခွဲမှု

(Risk Management)
(1) Prevention of Loss
(2) Control of Loss
(3) Transfer of Loss

အဲဒီအပိုင်းသုံးပိုင်းမှာ အပိုင်း(၁)က ကြိုတင်ကာကွယ်တဲ့အပိုင်း၊ ကြိုတင်ကာကွယ်လို့မရရင် အပိုင်း (၂) ရောက်လာပြီ။ ဆုံးရှုံးမှုပေါ်ပေါက်ပြီ။ ဆုံးရှုံးမှုပေါ်ပေါက်ရင် အဲဒီဆုံးရှုံးမှုကို နည်းအောင်ကြိုးစားမယ်။ ဒါက အပိုင်း (၂) ဖြစ်တဲ့ ဆုံးရှုံးမှုကိုနည်းအောင်ချုပ်ထိန်းခြင်း (Control of Loss)ရဲ့အလုပ်။ Risk Management ရဲ့ နောက်ဆုံးအလုပ်ကတော့ ချုပ်ထိန်းလျက်နဲ့ ပေါ်ပေါက်လာသေးတဲ့ဆုံးရှုံးမှုကို လွှဲပြောင်းခြင်း (Transfer of Loss)ဖြစ်ပါတယ်။ Risk Management ရဲ့လုပ်ငန်းစဉ်ကို အောက်ပါပုံလေးနဲ့ပြလို့ရမယ်ထင်ပါတယ်။

Prevention	→	Loss	Control	→	Loss	Transfer	→

သဘောကတော့ ဆုံးရှုံးမှုမဖြစ်အောင် ကြိုတင်ကာကွယ်မယ်။ ကြိုတင်ကာကွယ်ပေမယ့်လည်း ဆုံးရှုံးမှုဖြစ်ချင်ဖြစ်မယ်။ အဲဒီအခါမှာတော့ ဆုံးရှုံးမှုကိုနည်းနိုင်သမျှနည်းအောင် ထိန်းချုပ်မယ်။ ထိန်းချုပ်လျက်နဲ့ ဆုံးရှုံးမှုရှိနေသေးရင်တော့ ဒီဆုံးရှုံးမှုကို မိမိမခံစားဘဲ သူတစ်ပါးကိုလွှဲပြောင်းပေးမယ်ပေါ့။ ဆုံးရှုံးမှုကိုလွှဲပြောင်းတယ်ဆိုတာ နားလည်ရခက်ပါတယ်။ ဘယ်သူက ငါ့ဆုံးရှုံးမှုကိုယူမှာလဲ၊ လက်ခံမှာလဲ မေးစရာရှိပါတယ်။ ဆုံးရှုံးမှုကို လွှဲပြောင်းလက်ခံယူတဲ့ လူတန်းစားမျိုးရှိပါတယ်။ အဲဒီလူတန်းစားက အာမခံကုမ္ပဏီတွေပါပဲ။ သူတို့ကလည်း လူတိုင်းရဲ့ဆုံးရှုံးမှုကိုတော့ လွှဲမယူကြပါဘူး။ သူတို့နဲ့ ကြိုတင်သဘောတူစာချုပ်ချုပ်ထားသူတွေရဲ့ ဆုံးရှုံးမှုတွေကိုသာ လွှဲပြောင်းယူကြတာပါ။ တစ်နည်းအားဖြင့် သူတို့ဆီမှာ အာမခံထားသူတွေရဲ့ဆုံးရှုံးမှုတွေကိုသာ လွှဲပြောင်းယူကြတာပါ။

ဒီနေရာမှာ ဆုံးရှုံးမှုကို ဘယ်လိုလွှဲပြောင်းယူသလဲလို့ မေးစရာရှိပါတယ်။ ဆုံးရှုံးမှုကို လွှဲပြောင်းတယ်ဆိုတာက ဆုံးရှုံးမှုနဲ့ညီမျှတဲ့ ငွေကြေးကိုပေးလိုက်ခြင်းပါပဲ။ ဥပမာ-မီးလောင်လို့ ကျပ်တစ်သန်းဖိုးဆုံးရှုံးသွားတယ်ဆိုရင် ကာယကံရှင်ရဲ့ ဆုံးရှုံးမှုဟာ ကျပ်တစ်သန်းပေါ့။ အာမခံထားခဲ့ရင် အာမခံကုမ္ပဏီက အဲဒီကျပ်တစ်သန်းကို ကာယကံရှင်ကို လျော်ကြေးပေးလိုက်မှာပါ။ ဒီအခါမှာ ကာယကံရှင်ရဲ့ ဆုံးရှုံးမှုဟာ အာမခံကုမ္ပဏီဆီ လွှဲပြောင်းရောက်ရှိသွားပြီ။ ကာယကံရှင်ရဲ့ ကျပ်တစ်သန်းဆုံးရှုံးမှုကို ကာယကံရှင်က မခံစားရတော့ဘဲ အာမခံကုမ္ပဏီက လွှဲပြောင်းခံစားသွားပြီ။ ဒီသဘောလေးပါပဲ။

အခုရေးကြပြောကြတာတွေက ကြိုတင်ကာကွယ်ရေးအပိုင်းနဲ့ ဆုံးရှုံးမှုကို ချုပ်ထိန်းဖို့အပိုင်းပဲ အားသန်နေတာ တွေ့ရပါတယ်။ Risk Management ရဲ့ ရှေ့ပိုင်းသာ အားသန်နေတာ တွေ့ရပါတယ်။ ကြိုတင်ကာကွယ်ရေးဟာ အရေးကြီးပါတယ်။ ကြိုတင်ကာကွယ်လျက်နဲ့ ဖြစ်လာရင်တော့ ဆုံးရှုံးမှုလျော့နည်းအောင် ထိန်းချုပ်ဖို့အရေးကြီးလာပါတယ်။ မီးလောင်မှုဆိုရင် မီးငြိမ်းသတ်မှုပေါ့။ ချုပ်ထိန်းဖို့ ကြိုးစားရင်းနဲ့ ဖြစ်လာတဲ့ ဆုံးရှုံးမှုအတွက်ကတော့ ဆုံးရှုံးမှုကို လွှဲပြောင်းပေးဖို့ပဲ ရှိတာပေါ့။ မီးလောင်ခြင်းများရဲ့ နောက်ဝယ်မှာ ဆုံးရှုံးမှုကို လွှဲပြောင်းခြင်းရှိနေသင့်တာပေါ့။ ဒါပေမယ့် ယနေ့မြန်မာပြည်မှာ အဲဒီအပိုင်းက အားအနည်းဆုံးဖြစ်နေသေးတယ်။ ဥပမာ-တောင်ငူမှာ ဖေဖော်ဝါရီ ၁၃ ရက်က မြို့မဈေးကြီး မီးလောင်သွားတယ်။ မီးလောင်မှုကြောင့် ဈေးရုံ ၁၉ ရုံ၊ ဆိုင်ခန်းပေါင်း ၁၂၂၇ ခန့် ဆုံးရှုံးမှုတန်ဖိုးကျပ်သိန်းပေါင်း ၆၄၉၉၂၊ အဲဒီအထဲက ဆိုင်ခန်း ၁၃၈ ခန်းသာ အာမခံထားတယ်။ တန်ဖိုးအားဖြင့် ကျပ်သိန်း ၁၇၁၀၊ ဒီတော့ ဒီဆိုင်ခန်းပိုင်ရှင်တွေသာ ဆုံးရှုံးမှုကို လွှဲပြောင်းပေးနိုင်မယ်ဆိုရင် သူတို့မှာ ဆုံးရှုံးမှုမရှိတော့ဘူးပေါ့။

မီးလောင်မှုဖြစ်ရင် ကာယကံရှင်တွေသာ ထိခိုက်ခံစားရတာ မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းလည်း ထိခိုက်တာပါပဲ။ ပြန်လည်ထူထောင်ရေးကို လူ့အဖွဲ့အစည်း(နိုင်ငံ)က ပြုလုပ်ပေးရတာပေါ့။ ဒီတော့ အာမခံထားခြင်းဖြင့် ဆုံးရှုံးမှုကို လွှဲပြောင်းပေးမယ်ဆိုရင် ကာယကံရှင်လည်း မနစ်နာမခံစားမဆုံးရှုံး။ လူ့အဖွဲ့အစည်းလည်း မခံစားရတော့ ဘူး။ ဒါကြောင့် အချို့နိုင်ငံတွေမှာ မီးအာမခံကို မထားမနေရ (Cumpulsory fire Insurance) ထားခိုင်းကြတာ ဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံဟာ မထားမနေရ မီးအာမခံနဲ့ပတ်သက်ရင် ထိပ်ဆုံးက ပါပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရော မီးအာမခံကို မထားမနေရ မလုပ်သင့်ဘူးလား။ အခု အာမခံကုမ္ပဏီပေါင်း ၁၃ ခုရှိနေပြီ။ ဒီ ၁၃ ခုရဲ့ စည်းရုံးမှုကလည်း အားကောင်းလှပါတယ်။ ဒါပေမယ့် မီးအာမခံ မထားချင်သူတွေကို လျှာပြတ်အောင် စည်းရုံးလည်း မရပါဘူး။ သူများတွေ ဖြစ်ပေမယ့် ငါမဖြစ်ပါဘူး။ ငါ့မှာ မီးကွင်းဂမုန်းရှိတယ်လို့ ယုံကြည်နေသူတွေ ရှိနေသေးတယ်။ ဒီလူမျိုးတွေအတွက် အာဏာပိုင်တွေက တွန်းတွန်းတိုက်တိုက်လေး လုပ်ပေးဖို့ လိုမယ်။ "မထားမနေရ မီးအာမခံ" သာရှိမယ်ဆိုရင် အားလုံးအဆင်ပြေသွားမှာပါ။ ကံဆိုးလို့ ဆုံးရှုံးသူတွေအတွက်ရော၊ လူ့အဖွဲ့အစည်းတွေရော ဒါတင် ဘယ်ကမလဲ၊ GDP နဲ့စီးပွားရေး တိုးတက်မှုတွေအတွက်ပါ အထောက်အကူဖြစ်သွားပါမယ်လို့ တင်ပြလိုက်ရပါတယ်။ ။

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ် အစားထိုးစီမံချက် အပါအဝင်ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့သည့် ၂၀၁၁ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ၂၈ လတာ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၆၂၄၂ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၄၇၆၅၅၆ ဒသမ ၈၂ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၄၉၀၃၁၈ ဒသမ ၁၈ ကျပ်သန်း စုစုပေါင်း ၉၆၆၈၇၅ ကျပ် သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေး စီမံချက်အတွက် ၈၃၅၃၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၆၁၂၇၅ စီး၊ သင်္ဘောသားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြင်ပနေအလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၁၅၄၅၃ စီးတို့ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၂-၂၀၁၄ (သောကြာနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၅၀	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	အမျိုးသားရေးတေးကဗျာ
၈း၁၀	စိုက်ပျိုးသုတ
၈း၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၁၅	မျိုးချစ်တပ်မတော်
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	လည်မယ်. . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀	"ရွာ"ဟာသဇာတ်လမ်းတွဲ (ဒါရိုက်တာ-မိုးဇော်ကို)
၆း၂၅	ရွှင်မြူးသီကြွေးကဗျာတေး
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ပန်းပန်လျက်ပါ" (အပိုင်း-၂၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -သံစဉ်များနှင့်ကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အာဂလူ" (အပိုင်း-၃၀) -တရားတော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်ရေး နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၈)ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့သော **အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းနိုင်ရန်**နှင့်စပ်လျဉ်းသည့်စာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ နိုင်ငံတော်သမ္မတထံမှပေးပို့သည့်စာတွင် မြန်မာနိုင်ငံအတွင်း၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများကိုဖြေရှင်းရာတွင် အဓိကအကြောင်းရင်းဖြစ်သော လူမှုရေးမညီမျှမှုများကို ပြေလည်စေရန် ရည်ရွယ်၍ ဥပဒေ(၄)ရပ်ကို မဖြစ်မနေ ပြဋ္ဌာန်းပေးစေလိုကြောင်း၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ တိလောကာဘိဝံသ (ဥက္ကဋ္ဌ၊ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့-ဗဟို)က လက်မှတ်ရေးထိုး၍ ၉-၇-၂၀၁၃ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတထံ တင်ပြလာပါကြောင်း၊ အမျိုးဘာသာသာသနာနှင့် တိုင်းပြည်အကျိုးကို စောင့်ရှောက်ရန် လိုလားကြသော ဦးဆောင်ဆရာတော်များ၊ နိုင်ငံတစ်ဝန်းရှိ သံဃာတော်များအပါအဝင် နိုင်ငံသား ၁၃၃၅၆၀၀ ဦးတို့က လက်မှတ်ရေးထိုး ဆန္ဒပြုထားခြင်းဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း။

တင်ပြစာတွင် အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ပြဋ္ဌာန်းပေးစေလိုသော ဥပဒေ(၄)ရပ်မှာ **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ**ကို ဘာသာကူးပြောင်းမှုနှင့်ပတ်သက်၍ ယုံမှားသံသယကင်းစေခြင်း၊ ပွင့်လင်းမြင်သာမှုရှိစေခြင်းတို့ဖြင့် စည်းကမ်းစနစ်တကျရှိစေရန် ရည်ရွယ်ကာ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း၊ **လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ**ကို ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများသည် ဘာသာမတူသူများနှင့်လက်ထပ်ရာ၌ အခွင့်အရေးအကာအကွယ်ပေးနိုင်ရန်ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း၊ **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**ကို အိမ်ထောင်ရေးနှင့်သက်ဆိုင်သည့် လူမှုရေးပြဿနာများ မဖြစ်ပွားစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း၊ **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေ**ကို မိမိနိုင်ငံ၏ နယ်မြေအကျယ်အဝန်းအရ အချုပ်အခြာအာဏာတည်တံ့ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လုံလောက်သော စောင့်ရှောက်မှု ပေးနိုင်စေရေးတို့အတွက် ဘာသာပေါင်းစုံကိုးကွယ်သူများ လိုက်နာရန်ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း။

တင်ပြလာသောဥပဒေများ ပြဋ္ဌာန်းရေးကိစ္စသည် များစွာနက်နဲသိမ်မွေ့သည့် ဘာသာ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)၊(၂) နှင့်(၃)တို့တွင် ဖော်ပြထားခြင်းမရှိသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အဆိုပါ ဇယား(၁)၊(၂) နှင့်(၃)တို့တွင် ဖော်ပြထားခြင်းမရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုပိုင်ခွင့်အာဏာအပ်နှင်းထားရာ လိုအပ်ပါက ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ပါရန် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ တိုက်တွန်းချက်ကို ပေးပို့ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သည့်စာကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီး အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းနိုင်ရန်နှင့် ပတ်သက်၍ ပြည်ထောင်စု လွှတ်တော်မှ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပြန်လည်ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမိုးအောင်က ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ဥပဒေကြမ်းပါ သဘောကွဲလွဲချက်(၁၇) ချက်ကို လေ့လာစိစစ်ခဲ့ပါကြောင်း၊ ယင်းလေ့လာစိစစ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများ တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ စုစုပေါင်းအချက်(၇)ချက်တွင်ပါဝင်သည့် **"သတင်းအေဂျင်စီ"** နှင့် **"ဝက်ဘ်ဆိုက်"**များဆိုင်ရာပြဋ္ဌာန်းချက်များအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က တင်ပြခဲ့ပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ စိုးမိုးအောင်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုး။

ယင်းတင်ပြချက်များသည် ဥပဒေကြမ်း၏အနှစ်သာရကိုမထိခိုက်စေဘဲ ပိုမိုပြည့်စုံသည့် ဥပဒေတစ်ရပ်ဖြစ်စေရေးနှင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရာရောက်သဖြင့် ပြန်လည်ပြင်ဆင် ဆုံးဖြတ်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ပါ **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်း အချက်အလက်များကို စုဆောင်းရယူ၍ ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာနှင့် အခြားသော မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်းကို ဆိုသည်"** ဟူသည့်စကားရပ်အစား **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်း ပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်"**ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုချက်နှစ်ရပ်ကိုပေါင်းစပ်၍ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၆ စုစုပေါင်းအချက်(၃)ချက်အပေါ်တွင်ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် မူလထောက်ခံထားသည့် ပုဒ်မ ၉။ (က) **ပုဒ်မ ၈ အရ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကိုပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ဝန်ကြီးထံသို့ ပြန်လည်စိစစ်သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်းလျှောက်ထားခွင့်ရှိသည်။ (ခ) ဝန်ကြီးသည်ပုဒ်မခွဲ(က)အရ လျှောက်ထားလွှာကိုလက်ခံရရှိပါက ပြန်လည်စိစစ်သုံးသပ်ပြီး မူလဆုံးဖြတ်ချက်ကို လက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။** ပုဒ်မ ၂၆။ **ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု အဆိုရှိသော နေ့မှစ၍ တစ်နှစ်အတွင်း လျှောက်ထားခြင်း၊ အရေးယူခြင်း သို့မဟုတ် အမှုစွဲဆိုခြင်းပြုရမည်**ဟု ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ကြောင်းကို ဆက်လက်အတည်ပြုခဲ့ပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက ပုဒ်မ ၁၀။ (က) **တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့်အကြောင်းအရာများကိုဖော်ပြခြင်း၊** (ခ) **နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း၊ ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း**ဟု အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၅) ခေါင်းစဉ်၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ အခန်း ၆ ခေါင်းစဉ်ပြောင်းခြင်းနှင့် ပုဒ်မ ၁၄ စုစုပေါင်းအချက်(၆)ချက်သည် တရားမဝင်ထုတ်ဝေစာများအဖြစ် သတ်မှတ်ရာတွင် **"တရားစီရင်ရေးနည်းလမ်းဖြင့်ဆောင်ရွက်ကြေညာရန်"** အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက်ပြုခဲ့ပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အတူ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **သတင်းမီဒီယာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် သတင်းမီဒီယာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို လေ့လာစိစစ်တွေ့ရှိချက်များအရ မူလဥပဒေကြမ်း၏ အခန်း(၁၀)၊ ပုဒ်မ ၃၂ **"ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့် အရေးယူခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်စသည့် မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်"**ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုသင့်ပါကြောင်း။

ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင်ပါရှိသည့် သတင်းအေဂျင်စီ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းတွင် ဖွင့်ဆိုထားသည်နှင့် တစ်ပြေးညီဖြစ်စေရန် **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်း ပြည်ပမှ သတင်းများကို စုစည်း၍ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်"** ဟူသည့်စကားရပ်အစား **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ရပ်ကို ပေါင်းစပ်ပြင်ဆင်၍ အတည်ပြုသင့်ပါကြောင်း။

မူလဥပဒေကြမ်း၏ အခန်း ၆၊ ပုဒ်မ ၁၂ ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ပုဒ်မ ၁၂ **"ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်"**ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုသင့်ပါကြောင်း။

မူလဥပဒေကြမ်း၏ အခန်း(၁၀) ပုဒ်မ ၂၉ တွင် **"ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်"**ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်၌ ဖော်ပြပါရှိသည်။

ယင်းအစီရင်ခံစာများနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၆၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ်အစိုးရအဖွဲ့ အမှတ် (၉) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲမှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၀ ရက်က မော်လမြိုင်မြို့ ရွှေနတ်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်) တေဇဆောင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်က ပန်းဘဲတန်းရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းခန်းမဆောင်၌လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းတော်ဝင် ခန်းမဆောင်၌လည်းကောင်း၊ ဖားအောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ကော့ခမယ်) ပညာမွန်ခန်းမဆောင်၌ အမှတ်(၉) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးဌေးရွှေက လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်က ငန်းတေးရပ်ကွက် ငန်းတေးလမ်းမကြီး၌ ဒုရဲအုပ်အောင်နိုင်ကလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြပြီး ယာဉ်မတော်တဆဖြစ်ပွားမှုမှတ်တမ်းဓာတ်ပုံများအား ပရိုဂျက်တာဖြင့် ပြသ၍ တက်ရောက်သူများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြသည်။

ကျော်သန်း (မော်လမြိုင်)

❖ **နိုင်ငံတော်သမ္မတမှ**

နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများက ကြွေးမြီများဖြေလျှော့ပေးခဲ့မှုနှင့် ပေါင်းကူးအနေဖြင့် အတိုးနှုန်းသက်သာသော ကြွေးမြီများ ထုတ်ချေးပေးလာမှု၊ နိုင်ငံရေးတည်ငြိမ်လာမှုနှင့်အတူ ပွင့်လင်းမြင်သာလာမှုကြောင့် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာသည့် နိုင်ငံတကာမှခရီးသွားများ တိုးတက်များပြားလာမှုတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတက ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးပြောကြားရာတွင် ခရီးသွားများလာရောက်လည်ပတ်မှုများပြားလာစေရန် နိုင်ငံတော်အစိုးရ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် အုပ်ချုပ်ရေးအပိုင်းတို့က ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းက အခြေခံအဆောက်အအုံများဖြစ်သည့် ရေ၊ မီး၊ လေဆိပ်၊ လမ်း၊ ဆက်သွယ်ရေး စနစ်စသည်တို့ကို ကောင်းမွန်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် လုပ်ငန်းရှင်အချင်းချင်း တိုင်ပင်ညှိနှိုင်းဆွေးနွေးကာ တိုးတက်အောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အလားတူ ကမ္ဘာလှည့်ခရီးသည်များလုံခြုံရေး၊ ဒေသသန့်ရှင်းသာယာလှပရေး စသည်တို့ကို အုပ်ချုပ်ရေးတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ပါကြောင်း၊ အဆိုပါအမွေအနှစ်များကြောင့် ခရီးသွားများလာရောက်ကြခြင်းပင်ဖြစ်ကြောင်း၊ ဟိုတယ်ဇုန်များကိုလည်း နေရာသတ်မှတ်၍ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဟိုတယ်ဇုန်(၄)အထိ အကောင်အထည်ဖော်နေပြီဖြစ်ပြီး ဟိုတယ်ဇုန်(၅)ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှေးဟောင်းဘုရားပုထိုးစေတီများအနီးတွင် အဆောက်အအုံများရှိမနေစေရန် မြို့ပြစီမံကိန်းကို စီမံထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအစည်းအဝေးကြီးများကို လက်ခံကျင်းပပါက ဟိုတယ်အခန်း မလုံလောက်သေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုနှစ်တွင် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၊ အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး စသည့်အစည်းအဝေးကြီးများကို လက်ခံကျင်းပရမည်ဖြစ်ရာ ခရီးသွားများ ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုနေသဖြင့် ခရီးသွားလုပ်ငန်းအောင်မြင်ရန် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ တိုင်းပြည်စီးပွားရေးတိုးတက်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောကနန္ဒာစွယ်တော်မြတ်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်သစ်များဆောက်လုပ်ရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ ငွေကြေးကူညီပံ့ပိုးရေး၊ ဟိုတယ်ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်သမ္မတက ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ညနေ ၅ နာရီတွင် နိုင်ငံတော်သမ္မတသည် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် ရွှေစည်းခုံစေတီတော်တို့အား ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့်ရွှေသင်္ကန်းကပ်လှူခဲ့သည်။

နိုင်ငံတော်သမ္မတသည် တုရင်တောင်ခြေရှိ မြကန်၏ ရေဝေရေလဲဒေသများ စိမ်းလန်းစိုပြည်ရေးနှင့် ကန်အတွင်းရေသိုလှောင်မှုကောင်းမွန်စေရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

○ **အင်းတော်ကြီးမှ**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အတွင်းတည်ရှိသော အင်းတော်ကြီးကန်ကို ၂၀၀၄ ခုနှစ်တွင် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၃၁၄ ဒသမ ၆၇ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အင်းတော်ကြီးကန်၏ ရေဝပ်ဇရိယာနှင့် ကန်ပတ်လည်ရှိ သစ်တောကြိုးဝိုင်းငါးခုဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး အရှေ့တောင်အာရှတွင် အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသကြီးဖြစ်ပါသည်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အင်းတော်ကြီးကန်၏ ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝအခြေခံခရီးသွား လုပ်ငန်းအား အထောက်အကူပြုရန်နှင့် သုတေသနသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွဲ့စည်းထားပါသည်။

အင်းတော်ကြီးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေတွင် တည်ရှိပြီး အထက်ရွက်ပြတ်ရောနှောတောနှင့် အမြဲစိမ်းတောများတည်ရှိပြီး ကျွန်း၊ သင်္ကန်း၊ ယမနေ၊ စံကားဝါ၊ မအူ၊ ကညင်စသည့် အပင်ကြီးများနှင့်ဝါးများ ပေါက်ရောက်ပါသည်။ သစ်မျိုးပေါင်း ၈၅မျိုး၊ ဆေးဖက်ဝင်အပင်မျိုးပေါင်း ၅၆မျိုး၊ သစ်ခွမျိုးပေါင်း ၇၀တို့ ပေါက်ရောက်ကြောင်း မှတ်တမ်းတင်ထားရှိပါသည်။ နို့တိုက်သတ္တဝါမျိုးပေါင်း ၃၇ မျိုး၊ ကုန်းနေ၊ ရေနေတွားသွားသတ္တဝါ ၈၈ မျိုး၊ ငါးမျိုးစိတ် ၆၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၅၀၊ ရေပျော်ငှက် ၉၉ မျိုး အပါအဝင် ငှက်မျိုးစိတ် ၃၅၀ ကို တွေ့ရှိမှတ်တမ်းတင်ထားပါသည်။

သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်ရှိ အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများသည် အင်းတော်ကြီးဘေးမဲ့တောဇရိယာအတွင်းရှိ အင်းတော်ကြီးကန်နှင့် ရေဝပ်ဇရိယာအတွင်း နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များကို နှစ်စဉ်နိုဝင်ဘာလမှ မတ်လကုန်အထိ မှတ်တမ်းတင်ခြင်းဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ ရေငှက်မျိုးစိတ်စာရင်းနှင့် ငှက်ကောင်ရေသိရှိနိုင်ရန်၊ ရေတိမ်ဂေဟစနစ်အခြေအနေကို လေ့လာသုံးသပ်နိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဥပဒေစိုးမိုးမှုရရှိစေရန်တို့ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများသည် အဖွဲ့ သုံးဖွဲ့ခွဲ၍ အင်းတော်ချောင်းနှင့် အထက်နန့်တိမ်ချောင်းတစ်လျှောက်တွင် အင်းတော်ကြီးကန်နှင့် ရေဝပ်ဇရိယာအတွင်း နေထိုင်ကျက်စားသည့် ရေပျော်ငှက်မျိုးစိတ်များစာရင်းကောက်ယူခဲ့ကြပါသည်။ စာရင်းကောက်ယူရာတွင် အဝေးကြည့်မှန်ပြောင်းနှင့် ငှက်စာအုပ် (Birds of South-east Asia) တို့ကို အထောက်အထားပြု၍ ငှက်မျိုးစိတ်ခွဲခြားခြင်း၊ ငှက်ကောင်ရေစာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ရေဝပ်ဇရိယာအတွင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထူးခြားသည့် ငှက်မျိုးစိတ်များအဖြစ် ရေပျော်ငှက် ၄၃ မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး မျိုးသုဉ်းရန် အန္တရာယ်ခြိမ်းခြောက်ခံရသည့် မျိုးစိတ်ဖြစ်သော ကြိုးကြာခေါင်းနီ (Sarus Crane) သုံးကောင်၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ်ဖြစ်သော ဘဲမျိုးစိတ်(Falcated Teal) ၁၁၂ ကောင်နှင့် ဘဲမျိုးစိတ် (Ferruginous Pochard) ၄၄၅ ကောင်တို့ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း သိရှိရပါသည်။

✻ **ကျောဖုံးမှ**

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီဖော်ဆောင်နေစဉ်ကာလအတွင်း နိုင်ငံရေးပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ဂျပန်-အမေရိကန် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း ဆာဆေးက မှတ်ချက်ပြုခဲ့ပြီး စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နေချိန်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသော မြန်မာနိုင်ငံသည် ဒေသတွင်း တည်ငြိမ်မှုကို ကူညီဆောင်ရွက်ပေးနိုင်မည်ဟု မိမိယုံကြည်ကြောင်း ဆာဆေးက ဖွင့်ဟပြောကြားသည်။ **အင်န်အယ်လ်အမ်/ကျူဒို**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမန် FES ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဂျာမန် Friedrich Ebert Stiftung (FES)ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Kurt Beck ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးမောက်၊ ဒေါက်တာနေလင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြို့ပတ်ရထားများတွင် အထူးတွဲများ စတင်ချိတ်ဆက်ပြေးဆွဲ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ခရီးသွားပြည်သူများ၏ တောင်းဆိုချက်အရ မြန်မာ့မီးရထား မြို့ပတ်ရထားများတွင် ခရီးသည် တစ်ဦးလျှင် ကျပ်၂၀၀ နှုန်းဖြင့်စီးနင်းနိုင်သော အထူးတွဲ(၂)တွဲစီကို အမှတ်(စ၊ဆ၊သ)ရထားတွဲဆိုင်းများတွင် ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ချိတ်ဆက်ပြေးဆွဲနေပြီ ဖြစ်သည်။ ဆက်လက်ပြီး ခရီးသည်စီးနင်းမှုများပြားသော အခြားတွဲဆိုင်းများတွင်လည်း ဆက်လက်ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကျိုက်ထီးရိုးတောင်တန်းဒေသ ကရင်တိုင်းရင်းသားနှင့် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောမြင့်ရွှေ ဦးစီးအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အနာဂတ်နိုင်ငံတော်အတွက် ပညာရေးဥပဒေအမြန်ပေါ်ထွက်လာရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားပညာရေးဥပဒေ (မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ဒေါက်တာအောင်ကျော်မြတ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပညာရေးကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးသည်ဖြစ်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်တွင် ဆွေးနွေးနိုင်ရေးအတွက် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက ပြောကြားထားပြီးဖြစ်ကြောင်း၊ ယခုအချိန်အထိ ဥပဒေမပြုနိုင်ခြင်းအပေါ် မည်သည့်အခက်အခဲများရှိသည်ကို ဝိုင်းဝန်းအဖြေရှာရန်လိုပါကြောင်း။

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း မပြီးနိုင်လျှင် မိမိတို့ ညံ့ရာကျမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြစ်ပြောနေ၍ မပြီးဘဲ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကြမ်းနှင့် ဥပဒေထွက်ပေါ်လာရန် လွှတ်တော်တွင် တာဝန်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ပညာရေးဥပဒေအမြန်ပေါ်ထွက်လာရန် လိုပါကြောင်း၊ ရဲရဲဝံ့ဝံ့ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းတို့က အမျိုးသားပညာရေးဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(လွှတ်တော်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမျိုးသားပညာရေးဥပဒေ (မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(လွှတ်တော်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ပြည့်ဇာနည်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်း၊ တံတားလုပ်ငန်းများမှာ လမ်းလုပ်ငန်း ငါးမိုင်သုံးဖာလုံ၊ တံတားလုပ်ငန်း ၁၅ ခု၊ ရေပြွန် ခုနစ်စင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပဲခူး သီရိဥသာဈေး မီးလောင်

ပဲခူး ဖေဖော်ဝါရီ ၂၇

ပဲခူးမြို့နယ် မီးသတ်စခန်းနှင့် တစ်ဖာလုံခန့်ကွာဝေးသော ပဲခူးမြို့နယ် ဈေးပိုင်းရပ်ကွက်(၁၉)လမ်းရှိ သီရိဥသာဈေး အောက်ထပ်တွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က မီးလောင်နေကြောင်း သတင်းရရှိသဖြင့် ပဲခူးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ သနပ်ပင်၊ ဝေါ၊ ဘုရားကြီး၊ လှည်းကူး၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်တို့မှ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ စုစုပေါင်း မီးသတ်ယာဉ် ၁၃ စီးနှင့် သန္နေတပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀၊ စုစုပေါင်းအင်အား ၁၃၀ တို့အား ပဲခူးတိုင်းဒေသကြီး နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ အောက်မြန်မာပြည်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူး ရဲသူရိန် လှမြင့်တို့၏ ဦးဆောင်မှုဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၂ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်ပြီး နံနက် ၃ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

မီးလောင်ရခြင်းမှာ ဈေးလျှပ်စစ်မီးမိန်းခုံမှ သွယ်တန်းထားသော လုံခြုံရေးမီးလိုင်းမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၁၉၈ ခန်းအနက် ဆိုင်ခန်း ၉၄ ခန်းနှင့် အပေါ်ထပ်ရှိ ကစားခန်းမမှ မျက်နှာကြက်များ မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ဈေးတာဝန်ခံ၊ ဈေးလုံခြုံရေးဝန်ထမ်းနှင့် ဦးချစ်ကိုတို့အား ပဲခူးမြို့နယ်အမှတ်(၁) မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးဝင်းသူ(ပဲခူး)

ပုလဲမြို့နယ် နှောကန်၊ စပါးစေ့၊ မကျီးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေး ပံ့ပိုးချေးငွေနှင့် ထောက်ပံ့လှူဒါန်းငွေများပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးအောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ပုလဲမြို့နယ် နှောကန်ကျေးရွာသို့သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး **"ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေး ပံ့ပိုးချေးငွေနှင့် ထောက်ပံ့လှူဒါန်းငွေများပေးအပ်ပွဲအခမ်းအနား"**သို့ တက်ရောက်ခဲ့သည်။

နှောကန်၊ စပါးစေ့၊ မကျီးကုန်း ကျေးရွာများသည် ပုလဲ-ဂန့်ဂေါ လမ်းမကြီးဘေးအနီးနှင့် မဟာဓာတ်အားလိုင်း အနီးတို့တွင်ရှိသော်လည်း လျှပ်စစ်မီးမရှိခဲ့သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကိုယ်ထူကိုယ်ထ ကြိုးစားခဲ့ကြသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း၌ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းရောက်ရှိစဉ် ဆွေးနွေးတင်ပြခဲ့ကြရာ ထရန်စဖော်မာအား ပြည်ထောင်စုဝန်ကြီးက မတည်စီစဉ်ပေးသွားမည်ဖြစ်၍ မီးကြိုးသွယ်တန်းရေးအစီအစဉ်ကို ကျေးရွာလူထုမှ တာဝန်ယူဆောင်ရွက်ရန် ညှိနှိုင်း သဘောတူခဲ့ကြသည်။ ကျေးရွာလူထုသည် ကျေးလက်မီးလင်းရေးကော်မတီကို စနစ်တကျဖွဲ့စည်းပြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းများအနေဖြင့် ငွေကြေးစုဆောင်း ဆောင်ရွက်ခဲ့ကြသည်။ မီးကြိုးသွယ်တန်းရေးလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၅၀၀ ကျော် ကုန်ကျနိုင်သော်လည်း ကျပ်ငွေ ၂၇၃ သိန်းဖြင့်သာ မီးကြိုးသွယ်တန်းခြင်း၊ တိုင်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ထပ်မံလိုအပ်ငွေ ၂၉၈ သိန်းကျော်အတွက် ကျေးရွာသုံးရွာရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအား သမဝါယမဝန်ကြီးဌာန အသေးစား ငွေစုငွေချေး (Micro-finance) အစီအစဉ်မှ ပံ့ပိုးချေးငွေအဖြစ် ထုတ်ချေးပေးခြင်းဖြစ်သည်။ ၎င်းအပြင် 200 KVA ထရန်စဖော်မာ တည်ဆောက်ရေးအတွက် ကုန်ကျမည့်ငွေကျပ် ၁၁၆ သိန်းကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျပ် ၆၆ သိန်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌဦးသောင်းစိန်နှင့် အလှူရှင်များမှ ကျပ်သိန်း ၅၀ ကို လည်းကောင်း လှူဒါန်းထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနား၌ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာစာကြည့်တိုက်အဆောက်အအုံသစ်များ ဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရွာလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် ကျပ်သိန်း ၉၀ နှင့် စာအုပ်စာစောင်များကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးမှ နှောကန်ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးအား ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကျေးရွာပြည်သူများအတွက် အိမ်သုံးဆေးပစ္စည်းများ၊ စိုက်ပျိုးရေးဆေးများ၊ အဝတ်အထည်များပေးအပ်လှူဒါန်းခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိတွင် မဂ္ဂါဝပ် ၁၈၀၀ ကျော်ထုတ်လုပ်နိုင်မည့် ဓာတ်အားစက်ရုံ ၁၄ ခုကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ကျော်အမြန်ဆုံး ထုတ်ပေးနိုင်မည့် စီမံကိန်း ၅ ခုကိုလည်း စတင်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူစီမံကိန်း ၃၀ ခုကိုလည်း ဆောင်ရွက်နိုင်ရေးစီစဉ်လျက်ရှိကြောင်း၊ နှောကန်၊ စပါးစေ့၊ မကျီးကုန်းကျေးရွာများအနေဖြင့် လျှပ်စစ်မီးရရှိပါက လျှပ်စစ်မီးအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်လာနိုင်မှာ ဖြစ်ကြောင်း၊ အသိပညာဗဟုသုတတိုးပွားရေးအတွက်လည်း အထောက်အကူရလာမှာဖြစ်ကြောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဖြစ်ထွန်းအောင် ကြိုးစားကြရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းစေရေးဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ပုလဲမြို့နယ်မှ နှောကန်၊ စပါးစေ့၊ မကျီးကုန်း၊ လက်ပုကန်၊ မင်းတိုင်ပင်၊ ကျောက်ဖျာကန်၊ အိုးဘို၊ အင်းကန်၊ အိုင်းမကျေးရွာတို့မှ ဒေသခံပြည်သူ ၇၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သူ့အတွေး သူ့အရေး

ကျော်ကျော်လှိုင်(SMART)

နိုင်ငံကြီးသားစိတ်

စာရေးသူသည် ဖေဖော်ဝါရီလ ၂၄ ရက် တနင်္လာနေ့က သမ္မတရုံတွင်ပြသနေသော "မာကြီးရှည်"ရုပ်ရှင်ဇာတ်ကားညနေ ၆ နာရီခွဲပွဲကို မိသားစုနှင့်အတူ သွားကြည့်ဖြစ်သည်။ စာရေးသူရုပ်ရှင်ရုံသို့မရောက်သည်မှာ ကြာပါပြီ။ သမ္မတရုံတွင် လက်မှတ်ဝယ်ရတာလွယ်ကူခြင်း (မှောင်ခိုမရှိခြင်း)၊ ထိုင်ခုံများကောင်းမွန်ခြင်း၊ သန့်ရှင်းခြင်း၊ ကြော်ငြာများစတင်ပြသသောအခါ အသံ၏ ကြည်လင်ပြတ်သားခြင်း၊ အရုပ်များအရောင်အသွေး မှန်ကန်ခြင်းတို့ကြောင့် အထူးပဲစိတ်ချမ်းသာ ကျေနပ်နေမိပါသည်။ မကြာမီပင် နိုင်ငံတော်အလံအားမတ်တတ်ရပ်၍ အလေးပြုရန်စာတန်းထိုးပြီး နိုင်ငံတော်အလံနှင့်နိုင်ငံတော်သီချင်းပေါ်လာပါသည်။

စာရေးသူမိသားစုလည်း မတ်တတ်ရပ်၍ အလေးပြုကြပါသည်။ ထိုအချိန်တွင် လူကြီးလူငယ်အချို့သည် ထိုင်ခုံတွင် ထိုင်မြဲထိုင်နေသည်ကို တွေ့လိုက်ရပါသည်။ စိတ်ချမ်းသာကျေနပ်နေသော စာရေးသူ၏စိတ်သည် ဒေါသစိတ်အဖြစ်ပြောင်းလဲသွားပါသည်။ အလံတော်ကို အလေးမပြုဘဲထိုင်နေသူများကို စာရေးသူက ဘာကြောင့်ထိုင်နေရတာလဲဆိုသည့် ဒေါသစိတ်ဖြင့် ခပ်တင်းတင်းကြည့်မိပါသည်။ လူငယ်အချို့က နေကြာစေ့အစားမပျက်ဘဲ အရေးမစိုက်သည့်ပုံဖြင့် စာရေးသူကိုပင် ခပ်တင်းတင်းမိုက်ကြည့်ပြန်ကြည့်ပါသည်။

ရုပ်ရှင်ဘာပြသွားသည်ဆိုသည်ကိုပင် စာရေးသူသတိမထားနိုင်တော့ပါ။ ဒေါသစိတ်မှ ဝမ်းနည်းစိတ်၊ ယူကျုံးမရသည့်စိတ်၊ စိုးရိမ်စိတ်တို့အဖြစ်ပြောင်းသွားပြီး အတွေးပေါင်းများစွာဖြင့် ပွဲပြချိန် ၂ နာရီခန့်ကို ဖြတ်သန်းခဲ့ရပါသည်။ အလံတော်ကိုအလေးမပြုသူအများစုမှာ လူငယ်များဖြစ်ကြပါသည်။ မိမိနိုင်ငံတော်အလံကို အလေးပြုရန်ပင် တာဝန်မကျေသည့်လူငယ်များသည် မိမိဘဝကို တာဝန်ယူရန်၊ မိမိ မိသားစုကို တာဝန်ယူရန်၊ နိုင်ငံတော်အတွက် တာဝန်ယူရန် အလွန်ပင်ခက်ခဲပါလိမ့်မည်။ မိမိနိုင်ငံတော်အလံကိုအလေးပြုရန် ပျက်ကွက်သူသည် တိုင်းပြည်ကိုချစ်သည့် စိတ်၊ တိုင်းပြည်အတွက် ကောင်းကျိုးပြုလုပ်လိုစိတ်နည်းပါးသူများဖြစ်ပြီး နိုင်ငံသားအခွင့်အရေးနှင့်ပင် မထိုက်တန်ပါ။

စာရေးသူသည် မြန်မာနိုင်ငံတွင် မကြာမီကမှ ဖွဲ့စည်းလိုက်သော ရန်ကုန်ရိုထရီကလပ် (Yangon Rotary Club) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ရန်ကုန်ရိုထရီကလပ်သည် တစ်လနှစ်ကြိမ်နေ့လယ်စာစားရင်း တွေ့ဆုံလေ့ရှိပါသည်။ တွေ့ဆုံပွဲတွင် ပထမဦးဆုံးလုပ်ရသည့် အစီအစဉ်မှာ မြန်မာနိုင်ငံတော်အလံကိုအလေးပြုရခြင်းဖြစ်ပါသည်။ နိုင်ငံခြားသားများပါ ပါဝင်သော ရန်ကုန်ရိုထရီကလပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံတော်အလံကို လေးလေးစားစားအလေးပြု၍ အစည်းအဝေးကို စတင်လေ့ရှိပါသည်။ မြန်မာနိုင်ငံတော်ကို ဧည့်သည်အဖြစ်လာရောက်သော နိုင်ငံခြားသားများပင်လျှင် နိုင်ငံတော်အလံကို အလေးပြုနိုင်လျှင်. . . ဆိုသည့် အတွေးစိတ်သည် ရုပ်ရှင်ရုံထဲက ထွက်လာသည်အထိ တွေးနေဆဲဖြစ်ပါသည်။

မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုသည် ပထမမြန်မာနိုင်ငံတော်စတင်ဖြစ်ပေါ်လာသည့် ပုဂံခေတ်မှစ၍ ရေတွက်မည်ဆိုလျှင် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ရှိပါပြီ။ အမေရိကန်နိုင်ငံဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ၂၀၀ ကျော်သာရှိပါသေးသည်။ အမေရိကန်တွင် ကမ္ဘာတစ်ဝန်းမှ ဝင်ရောက်လာပြီး အမေရိကန်နိုင်ငံသူ နိုင်ငံသားအဖြစ် ခံယူသည့်လူမျိုးပေါင်း မြောက်မြားစွာရှိပါသည်။ အမေရိကန် နိုင်ငံသူနိုင်ငံသားဖြစ်လာသည်နှင့် အမေရိကန်နိုင်ငံ၏ အလံအောက်တွင် တစုတစည်းတည်း နိုင်ငံကြီးသားပီသသည့်စိတ် ပိုင်ဆိုင်လာကြပါသည်။ နိုင်ငံကြီးသားပီသသည့်စိတ်ပိုင်ဆိုင်လာအောင်လည်း လေ့ကျင့်ပြုစုပျိုးထောင်ပေးပါသည်။ ထို့ကြောင့်လည်း အမေရိကန်နိုင်ငံသည် နှစ်ပေါင်း ၂၀၀ ကျော်သာ ရှိသေးသော်လည်း ကမ္ဘာ့အင်အားအကြီးဆုံး အချမ်းသာဆုံးနိုင်ငံဖြစ်နေခြင်းဖြစ်ပါသည်။

နိုင်ငံကြီးသားပီသသည့်စိတ်ဆိုသည်မှာ-

၁။ တရားဥပဒေကို လေးစားလိုက်နာခြင်း
၂။ ကျင့်ဝတ်၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာခြင်း
၃။ မိမိအလုပ်ကို ချစ်မြတ်နိုးခြင်း
၄။ တာဝန်ယူတတ်သည့် စိတ်ရှိခြင်း
၅။ တစ်ဖက်သား၏ ရပိုင်ခွင့်များကိုလေးစားခြင်း
၆။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
၇။ အများအကျိုးကို ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် လူငယ်များ နိုင်ငံကြီးသားပီသသည့်စိတ်ရှိမှသာလျှင် သမ္မတကြီးမျှော်မှန်းသည့်အတိုင်း ဆင်းရဲမှုကို လျှော့ချနိုင်ပြီး ကျွန်တော်တို့ နိုင်ငံအောင်မြင်ချမ်းသာနိုင်ပါမည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် မည်သည့် အစိုးရတက်သည်ဖြစ်စေ လူတစ်ဦးချင်းတစ်ယောက်ချင်းတွင် နိုင်ငံကြီးသားစိတ်ဓာတ်မရှိသရွေ့ တိုင်းပြည်ချမ်းသာ အောင်မြင်နိုင်မည်မဟုတ်ပါ။ လူတစ်ဦးချင်း တစ်ယောက်ချင်း ချမ်းသာအောင်မြင်မှ မိသားစုများ ချမ်းသာအောင်မြင်ပါလိမ့်မည်။ ချမ်းသာအောင်မြင်သည့် မိသားစုများစုစည်းထားသည့် နိုင်ငံဖြစ်မှ ချမ်းသာအောင်မြင်သည့် နိုင်ငံဖြစ်လာလိမ့်မည်။

နိုင်ငံတော်အလံကို ရိုရိုသေသေ လေးလေးစားစား အလေးပြုတတ်သည့် စိတ်ဓာတ်၊ နိုင်ငံကြီးသားပီသသည့် စိတ်ဓာတ်များကို လူငယ်များတွင် ပိုင်ဆိုင်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရန် မိဘ၊ ဆရာနှင့် နိုင်ငံတော်အစိုးရသာမက နိုင်ငံချစ်စိတ်ရှိသူတိုင်းတွင် တာဝန်ရှိသည်ဟု တင်ပြလိုက်ပါသည်။ ။

ကွန်ပျူတာတက္ကသိုလ်များ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ နိုင်ငံတော်တွင် လက်တွေ့ကျသော ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် ကိုက်ညီအောင် မိမိတို့တက္ကသိုလ်များတွင်လည်း ပြုပြင်ပြောင်းလဲမှုများ၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို စိစစ်သုံးသပ်ရာတွင် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲရန်နှင့် လက်တွေ့ကျသည့် ရည်မှန်းချက်များထားရှိရန်လိုအပ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီစေရေး၊ အရည်အသွေးမြင့်မားစေရေးနှင့် လက်တွေ့နယ်ပယ်ဖြစ်သော လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်သည့် အဆင့်အထိရောက်အောင် သင်ရိုးညွှန်းတမ်းများ ဖြစ်ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ကျောင်းများအလိုက် စာတွေ့၊ လက်တွေ့ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရန်၊ သင်ကြားမှုပိုင်းတွင် ဆရာနှင့် ကျောင်းသားအချိုးမျှတမှုရှိစေရေးနှင့် တက္ကသိုလ်တိုင်းတွင် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ လက်တွေ့လုပ်ဆောင်ရန်လိုအပ်သော ကွန်ပျူတာစက်ပစ္စည်းများ လုံလောက်မှုရှိစေရေးနှင့် စာကြည့်တိုက်များ ထားရှိစေရေးတို့အတွက် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးနှင့် ဘာသာရပ်များအလိုက် လက်တွေ့(Practical) လုပ်ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း။

လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ဌာနမှူးများမှ အဓိကအကောင်အထည်ဖော်ရမည်ဖြစ်၍ နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို သိရှိပြီး တက္ကသိုလ်အလိုက်ရှေ့လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲပြီး လုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ တက်ရောက်ဆဲ သင်တန်းသားများအတွက် ဆောင်ရွက်ပေးကြရန်လိုအပ်သလို နောင်အတွက်လည်း ကောင်းမွန်သည့် အုတ်မြစ်ချပေးနိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ်များ၏ ဘာသာရပ်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးပန်ကြားချက်

၁။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ရတနာပလက်ဖောင်းတွင် Quarter Platform 2(QP2) နှင့် Process Platform တို့အား တံတားချိတ်ဆက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄ ခုနှစ်မတ် ၁ ရက်နှင့် မတ် ၂ ရက်တို့တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံများအားလုံးသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ၄၈ နာရီ ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုရပ်ဆိုင်းထားစဉ်ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် Gas Engine စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ၃၄၉ မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်ပါသည်။ သို့ရာတွင် အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးရာတွင် ဝန်အားလျှော့ချမှုများ မဖြစ်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တီကျစ်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အားကစားကွင်း/ရုံများ အဆင့်မြှင့်တင်နိုင်ရေး စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ International Standard Sport Complex ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





ပျောက်ဆုံး

ကျွန်တော် ဦးကျော်ကျော်စိုး [၁၂/ဒဂမ(နိုင်)၀၀၈၅၉၅] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(၂၂၁၂၂၄)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၄၃၀၂၄၅၇၅





ဇမ္ဗူသီရိမြို့နယ် သာသနဟိတဓရ လူမှုကူညီရေးအသင်း ဓမ္မပူဇာသဘင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သာသနဟိတဓရ လူမှုကူညီရေးအသင်းမှ ကြီးမှူး၍ ဓမ္မပူဇာသဘင်တရားပွဲများကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသက နေပြည်တော်မြို့တော်ခန်းမရှေ့ရှိ ရင်ပြင်၌ ညစဉ် ၇ နာရီခွဲတွင်ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရပ်ကွက်များ၊ အနီးဝန်းကျင်ကျေးရွာများရှိ ပြည်သူအများမှ ဆရာတော်အရှင်သူမြတ် ဟောကြားတော်မူသည့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို ဖေဖော်ဝါရီ ၂၅ ရက်တွင် တရားနာပရိသတ်အပေါင်း ၂၀၀၀၀ ခန့်နှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် တရားနာပရိသတ်ပေါင်း ၂၀၀၀၀ ခန့် လာရောက်နာယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❐ ခရီးသည်မှ

ဒုတိယအကြိမ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၆ ရက်အထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီး တတိယအကြိမ် ဖေဖော်ဝါရီ ၂၈ ရက်ထိ သုံးကြိမ် ပြောင်းလဲခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ "ဟိုင်းလတ်ယာဉ်ကနေပြီးတော့ မီနီဘတ်စ်ကို ပြောင်းလဲတဲ့အခါမှာ အဓိကအခက်အခဲကတော့ သဘာဝဓာတ်ငွေ့ကားနဲ့ ဆီကားကွာသွားတဲ့အတွက် မကိုက်ဘူး။ မီနီဘတ်စ်ယာဉ်ကို ပြောင်းလဲတဲ့အခါမှာလည်း အစိုးရအဖွဲ့ကနေ လွယ်လွယ်ကူကူ ပြောင်းလဲလို့ရအောင် လုပ်ဆောင်ပေးသင့်တယ်"ဟု (၁၀၇) ဟိုင်းလတ်ယာဉ်လိုင်းမှ ယာဉ်လုပ်သားတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လက်ရှိပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုနှင့် ယာဉ်တိမ်းမှောက်မှုများမကြာခဏဖြစ်ပွားခြင်း၊ ခေတ်စနစ်နဲ့ မကိုက်ညီတော့ဘဲ ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် ခရီးသည်တင်ဟိုင်းလတ်ယာဉ်များကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြေးဆွဲခွင့်မပြုတော့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ဟိုင်းလတ်ယာဉ်လိုင်း ၄၆ လိုင်း၊ ယာဉ်စီးရေ ၈၁၄ စီးခန့်ရှိပြီး ရန်ကုန်မြို့ပြင်ဟိုင်းလတ်ယာဉ်များ ရပ်နားရမည့်နေရာများကို ယာဉ်လိုင်းအသီးသီးသို့ ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

ချစ်သောရောဝတီနှင့် ကျွန်တော့်ဘဝမှတ်တမ်းများ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စာရေးဆရာ ဦးစိုးတင့် (ရောဝတီ)၏ "ချစ်သောရောဝတီနှင့် ကျွန်တော့်ဘဝမှတ်တမ်းများ" စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ စာရေးဆရာ ဦးစိုးတင့် (ရောဝတီ)၏ ကိုယ်ရေးအကျဉ်းဖတ်ကြားပြီး ၎င်း၏ စာအုပ်ရေးဖြစ်ခဲ့သည့် အကြောင်းရင်းကို မိတ်ဆက်ပြောကြားသည်။ ယင်းနောက် အမျိုးသားစာပေဆုများရှင် စာရေးဆရာ၊ ကဗျာဆရာကြီး မြင်းမူမောင်နိုင်မိုး၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာချာလီသန်း၊ သတင်းစာဆရာ The Trade Times ဂျာနယ် စာတည်းမှူးချုပ် ဦးခင်မောင်အေးတို့က မှဒိတာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ မီဒီယာများက ယင်းစာအုပ်နှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ ဆရာစိုးတင့်(ရောဝတီ) က ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

(ကြေးမုံ)

အာဆီယံ+၃ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အာဆီယံဒေသတွင်းနိုင်ငံများတွင် စီးပွားရေးနှင့် ငွေကြေးအခြေအနေများ တည်ငြိမ်မှုရှိစေရန်၊ အာဆီယံဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှည်သဖြင့် ဖြစ်ထွန်းအောင်မြင်စေရန်နှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးအတွက်လိုအပ်သော သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရန် ရည်ရွယ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀)နိုင်ငံအပြင် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ ပါဝင်သော အာဆီယံ+၃ ဘဏ္ဍာရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော အဆိုပါအစည်းအဝေးတွင် မြန်မာ့စီးပွားရေးဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်မြနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန္ဒာဦးတို့က ဘဏ္ဍာရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဦးဆောင်၍ အာဆီယံ+၃ နိုင်ငံများမှ တာဝန်ရှိသူများက နိုင်ငံအလိုက် ပါဝင်ဆွေးနွေးကြသည်။

ယင်းအစည်းအဝေးတွင် Progress in Local Currency Accounts and Progress in preparation of checklist နှင့် The Chiang Mai Initiative Multilateralisation-CIMM Agreement, CIMM Operational Issues ကဏ္ဍများကို မြန်မာနိုင်ငံမှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာရှဒေသတွင်း နိုင်ငံများအနေဖြင့် ၁၉၉၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ဖူးသော ငွေကြေးဆိုင်ရာ အကျပ်အတည်းကဲ့သို့ Currency Crisis များ ဖြေရှင်းရန် နည်းလမ်းကောင်းများအား စုပေါင်းဆွေးနွေးအဖြေထုတ်ခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိုအပ်လာသော ငွေကြေးအပေးအယူကိစ္စများ နာရီပိုင်းအတွင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ငွေစာရင်းများ (Local Currency Accounts) ကြိုတင်ဖွင့်လှစ်ခြင်း၊ ငွေစာရင်းဖွင့်လှစ်ရန် ကျန်ရှိနေသော နိုင်ငံများအား အသိပေးနှိုးဆော်ခြင်း၊ ချင်းမိုင်သဘောတူညီချက် (CIMM Agreement) ပါ အချက်အလက်များအား ပိုမိုခိုင်မာစေခြင်းနှင့် စီးပွားရေးနှင့် ငွေကြေးခိုင်မာတောင့်တင်းသော နိုင်ငံများ၏ အတွေ့အကြုံ နည်းပညာနှင့် ကျွမ်းကျင်မှုများ ဖလှယ်ဝေမျှခြင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ထို့ပြင် AMRO Organizational Issues, AMRO Agreement များနှင့် ပတ်သက်၍ ဂျပန်နိုင်ငံမှလည်းကောင်း၊ The Asian Bond Markets Initiative (ABMI) များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံတွဲများမှလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ကာ မတ် ၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အစည်းအဝေးမှ ရရှိလာသော သတင်းအချက်အလက်များနှင့် သဘောတူညီချက်များကို စုစည်းကာ အာဆီယံဘဏ္ဍာရေးဒုတိယဝန်ကြီးများ အစည်းအဝေးမှတစ်ဆင့် ၂၀၁၄ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဦးတင်ထွန်းနိုင်[၁၂/ဥကမ(နိုင်)ဝ၅၆၃၉၆]သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်း[၁၀/မလမ(နိုင်) ဝ၅၈၈၅၉]၏ညွှန်ကြားချက်အရ လူကြီးမင်းအားသိစေအပ်ပါသည်။

လူကြီးမင်းသည် ဦးဇော်ဝင်းတရားဝင်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ရွှေပေါက်ကံ မြို့သစ်၊ အမှတ်(၂၂)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၃)ကို ၁၉-၁-၂၀၁၄ရက်စွဲပါစရန်ငွေပေး ပဋိညာဉ်စာချုပ်ဖြင့် ဝယ်ယူပြီးစရန်ငွေ ၅၀၀၀၀၀၀ိ/-(ကျပ်သိန်းငါးဆယ်တိတိ)ကိုရောင်းသူဦးဇော်ဝင်းအား ပေးချေထားကြောင်း သိရပါသည်။ ကျန်ငွေများကို ၂၀-၂-၂၀၁၄ရက်နောက်ဆုံး ထား၍ ပေးချေရန်ဖြစ်ကြောင်း သိရပါသည်။ သို့သော် ဦးဇော်ဝင်းကအဆိုပါမြေကွက် ဆက်လက်ရောင်းချရန် ဆန္ဒမရှိတော့သဖြင့် စရန်ငွေပေးပဋိညာဉ်စာချုပ်စည်းကမ်းချက် အပိုဒ်(၃)ပါအတိုင်း စရန်ငွေ၏(၂)ဆဖြစ်သောငွေ ၁၀၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာတိတိ)ကိုလူကြီးမင်းအား ပြန်လည်ပေးလျော်ပါမည့်အကြောင်း ၂၃-၁-၂၀၁၄ရက်တွင် ဦးတင်ထွန်းနိုင်ထံသို့ ဖုန်းဖြင့်လည်းကောင်း၊ ၃-၂-၂၀၁၄ရက်တွင် Royal Express အမြန်ချောပို့ဖြင့် ဦးတင်ထွန်းနိုင်ထံသို့လည်းကောင်း၊ ၎င်း၏ရှေ့နေဖြစ်သူ ဦးလှိုင်ဘွားထံသို့လည်းကောင်း၊ ရွှေပေါက်ကံမြို့နယ်၊(၂၂)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း အကြောင်းကြားပြီးဖြစ်သော်လည်း လူကြီးမင်းမှ ထိုငွေကို လာရောက်ထုတ်ယူခဲ့ခြင်းမရှိသဖြင့် ၂၀-၂-၂၀၁၄ရက်တွင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်း ချက်အပိုဒ်(၃)အရ ဦးဇော်ဝင်းဘက်မှ တာဝန်ကျေပွန်ပြီဖြစ်ပါသည်။သို့ဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ပြီး ငွေ၁၀၀၀၀၀၀၀ိ/-(ကျပ်သိန်း တစ်ရာတိတိ)ကို လာရောက်ထုတ်ယူပါရန် နောက်ဆုံးအကြိမ်အကြောင်းကြားပါသည်။ ပျက်ကွက် ပါက နောင်ဖြစ်ပေါ် လာမည့်ကိစ္စအဝဝအတွက် တာဝန်မယူပါကြောင်း လူကြီးမင်း သိစေအပ်ပါ သည်။

ဦးဇော်ဝင်း၏ ညွှန်ကြားချက်အရ-

ဦးတင်အောင်ကြည်
B.Sc,H.G.P,R.L,WIPO(SWITZERLAND)
ဥပဒေအကျိုးဆောင်ရှေ့နေ(စဉ်-၁၁၀၈၆)
တိုက်အမှတ်(၂၀၆)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၀၁၅၃၃၄၂၉

စွန့်စားခန်းကြိုက်သူများအတွက် Non-Stop သည်းထိတ်ရင်ဖိုအက်ရှင်ဇာတ်ကား

ဝါရင့်အက်ရှင်မင်းသားကြီး လိုင်ယမ်နီဆန် ခေါင်းဆောင်ပါဝင်ထားသည့် Non-Stop အမည်ရှိ စွန့်စားခန်းများပါဝင်သည့် သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားသစ်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ စတင်မိတ်ဆက်ပြသခဲ့သည်။

ယင်းဇာတ်ကားတွင် မင်းသား လိုင်ယမ်အပြင် ဗြိတိန်-အမေရိကန် မင်းသမီး Julianne Moore၊ ရုပ်ရှင်မင်းသမီးနှင့် အဆိုတော် Michelle Dockery တို့ ခေါင်းဆောင်ပါဝင်ထားသည့် စိတ်ဝင်စားဖွယ် လေယာဉ်ပြန်ပေးဆွဲခံရသည့် အက်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားသည် နယူးယောက်မှ လန်ဒန်သို့ ပျံသန်းသည့် လေယာဉ်တစ်စင်းပေါ်မှ အဆင့်မြင့်အရာရှိတစ်ဦးအား အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကို လျှို့ဝှက်အကောင့်အတွင်းသို့ မိနစ် ၂၀ အတွင်း ထည့်မပေးပါက လေယာဉ်ပေါ်ပါ ခရီးသည်များအားလုံးကို အသက်အန္တရာယ်ပေးမည်ဖြစ်ကြောင်း ခြိမ်းခြောက်စာ လက်ခံရရှိခဲ့သည်။ ပြန်ပေးသမားတို့ ထည့်ခိုင်းသည့် လျှို့ဝှက်အကောင့်သည်လည်း အဆိုပါအဆင့်မြင့်အရာရှိ၏အမည်နှင့် ဖန်တီးထားပြီး ၎င်းက လေယာဉ်အပိုင်စီးသူတစ်ဦး သဖွယ်ပြန်ဖြစ်ခဲ့ရသည့် စိတ်ဝင်စားဖွယ် ဇာတ်ကားတစ်ကားဖြစ်သည်။

Non-Stop ဇာတ်ကားတွင် အမေရိကန်လေကြောင်းလိုင်းမှ အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် လိုင်ယမ်နီဆန်က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

အယ်လ်ဘမ်သစ်ကို ရုပ်ရှင်အယူအဆများဖြင့် ပုံဖော်ဖန်တီးမည့် ရီဟန်းနား

တေးသံရှင် ရီဟန်းနားက DreamWorks အန်နီမေးရှင်းကုမ္ပဏီနှင့် ပူးပေါင်းကာ ရုပ်ရှင်ဇာတ်ကားတစ်ကား၏ အယူအဆများဖြင့် ပုံဖော်ထားသည့် အယ်လ်ဘမ်သစ်တစ်ခုကို ဖန်တီးသွားရန်စီစဉ်နေကြောင်း သိရသည်။

ယင်းအယ်လ်ဘမ်သစ်တွင် ရီဟန်းနားသည် ကမ္ဘာဂြိုဟ်အား ရန်မူမည့် အခြားဂြိုဟ်သားများ၏အန္တရာယ်မှ ကြိုးစားကာကွယ်ပုံကို ဖော်ကျူးထားသည့် တေးသီချင်းပုံစံသစ်များပါဝင်သည့် သီချင်းများလည်း ပါဝင်မည်ဖြစ်သည်။

ရီဟန်းနား၏ အဆိုပါအယ်လ်ဘမ်သစ်ကို ဒါရိုက်တာ တင်မ်ဂျွန်ဆန်က ရိုက်ကူးပုံဖော်ပေးမည်ဖြစ်ပြီး လောလောဆယ်အနေဖြင့် ယင်းအယ်လ်ဘမ်ကို Happy Smekday! ဟု အမည်ပေးထားကြောင်း သိရသည်။

ထို့အပြင် တေးသံရှင် ရီဟန်းနားသည် ဇန်နဝါရီလအတွင်းက လက်တင်အဆိုတော် ရှကီရာနှင့် Can't Remember to forget you အမည်ရှိ တေးသီချင်းကို ဖြန့်ချိခဲ့ပြီးနောက်ပိုင်းတွင် ၎င်း၏အဋ္ဌမမြောက် အယ်လ်ဘမ်အတွက် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီး ယင်းအယ်လ်ဘမ်ကို DJ Mustard၊ David Guetta နှင့် Nicky Romero တို့ နှင့်အတူ ပူးတွဲထုတ်လုပ်သူအဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

အမေရိကန်၌ ရောင်းအားအကောင်းဆုံးအဖြစ် ဂုဏ်ပြုခံခဲ့ရသည့် CNBLUE

တောင်ကိုရီးယားတေးဂီတအဖွဲ့ CNBLUE ၏ ပဉ္စမမြောက်မီနီအယ်လ်ဘမ် Can't Stop ကိုအမေရိကန် ဘီလ်ဘုတ်မှ ဖေဖော်ဝါရီလအတွင်း ရောင်းအားအကောင်းဆုံးကေပေါ့ပ် သီချင်းအပုဒ် ၁၀၀ အနက် ထိပ်တန်းသီချင်းအဖြစ် ဂုဏ်ပြုပေးခဲ့သည်။

ယင်းအယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၁၂ ရက်က ပရိသတ်နှင့်စတင်မိတ်ဆက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖြန့်ချိခဲ့ကာ ဂျပန်နိုင်ငံ၏ ထိပ်တန်းသီချင်းများစာရင်းတွင်လည်း ထိပ်ဆုံးနေရာမှ ရပ်တည်ခဲ့သည်။

ထပ်မံပြတ်စဲသွားကြပြီဖြစ်သည့် အမေရိကန်ပေါ့ပ်ကြယ်ပွင့်စုံတွဲ

၂၀၁၂ ခုနှစ်က စတင်ချစ်ကြိုးသွယ်ခဲ့ကြသော အမေရိကန်ပေါ့ပ်ကြယ်ပွင့်များဖြစ်ကြသည့် ကေတီပယ်ရီနှင့် တေးသံရှင် ဂျွန်မိုင်ယာတို့၏ အချစ်ရေးသည် ယခင်နှစ်များကတည်းက မတည်မငြိမ်ဖြစ်နေခဲ့ရာမှ ယခုအခါ ထပ်မံပြတ်စဲသွားကြပြီဖြစ်ကြောင်း UsMagazine.com ဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၇ ရက်က သတင်းဖော်ပြထားသည်။

တေးသံရှင် ကေတီပယ်ရီသည် ၎င်းတို့၏ အချစ်ရေးအဆုံးသတ်အပြီးတွင် ဂီတဖျော်ဖြေပွဲများအတွက် ဥရောပသို့ ခရီးရှည်ထွက်ရန် စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်၏ နာမည်ကျော်ဂီတကြယ်ပွင့်များဖြစ်ကြသည့် ကေတီပယ်ရီနှင့် ဂျွန်မိုင်ယာတို့ စုံတွဲသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ထွက်ရှိခဲ့သည့် ဂျွန်မိုင်ယာ၏ ဆဋ္ဌမမြောက်အယ်လ်ဘမ် Paradise Valley တွင် ဂျွန်မိုင်ယာက ၎င်းကိုယ်တိုင်ရေးစပ်ထားသည့် Who You Love သီချင်းကို ကေတီပယ်ရီနှင့်အတူ စုံတွဲသီဆိုခဲ့ကြသည်။



ပရီမီယာလိဂ်ရင်ခုန်သံ - ၂၈

ပရီမီယာလိဂ်ပွဲစဉ် ၂၈ ကို မတ် ၁၊ ၂ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပြီး ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲကြောင့် မန်စီးတီး၊ ဆန်းဒါးလန်းတို့ပွဲတွေကို ရွှေ့ဆိုင်းထားပါတယ်။

အဲဗာတန် - ဝက်စ်ဟမ်း ည ၉း၃၀ (၁-၃-၁၄)

ရလဒ်တွေဆိုးရွားမှုကို အဲဗာတန်ရပ်တန့်ဖို့ ကြိုးစားမှာပါ။ အိမ်ကွင်းလည်းဖြစ်တယ်။ ဝက်စ်ဟမ်းရဲ့ ရှုန်းအားက အခုနောက်ပိုင်း အားကောင်းနေပေမယ့် အိမ်ကွင်းအားသာချက်ရှိနေတဲ့ အဲဗာတန်နဲ့ပဲ ရပ်တည်သွားရဖို့ရှိနေတယ်။

ဖူလ်ဟမ် - ချယ်လ်ဆီး ည ၉း၃၀ (၁-၃-၁၄)

ဖူလ်ဟမ်ခြေအားအပျော့ဆုံးပုံစံမှာရှိနေပါတယ်။ ခံစစ်ပိုင်းက အစ ကျစ်လျစ်မှုမရှိဘူး။ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် ဒီလိုပွဲမျိုးမှာ ချယ်လ်ဆီးအမှားခံမှာမဟုတ်ဘူး။ အဝေးကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးကပ်နိုင်သွားမှာပါ။

ဟားလ် - ကာဆယ် ည ၉း၃၀ (၁-၃-၁၄)

ဟားလ်က အခုနောက်ပိုင်းတန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ခြေမဆိုးဘူး။ ကာဆယ်က တိုက်စစ်ပိုင်းအားနည်းမှုရှိသလို ခြေစွမ်းပိုင်းလည်း အားနည်းမှုတွေရှိနေတယ်။ ဟားလ်တို့ အိမ်ကွင်းမှာ သရေလောက်ကစားသွားနိုင်မှာပါ။

စတုတ် - အာဆင်နယ် ည ၉း၃၀ (၁-၃-၁၄)

မန်စီးတီးကို ခံကစားသွားတဲ့ စတုတ်ခြေကမဆိုးဘူး။ အာဆင်နယ်ကလည်း အမှတ်လိုအပ်နေတာကို သတိပြုရမယ်။ အာဆင်နယ်ခြေမတည်ငြိမ်ဘူး ဆိုပေမယ့် ဒီပွဲမှာတော့ စတုတ်ကို ကပ်ပြီး အနိုင်ယူသွားမှာပါ။

ဆောက်သမ်တန် - လီဗာပူး နံနက် ၀၀း၀၀ (၂-၃-၁၄)

ဆောက်သမ်တန်ရဲ့ အိမ်ကွင်းအားမဆိုးဘူး။ လီဗာပူးက တိုက်စစ်ပိုင်းအားကောင်းပေမယ့် အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းအားနည်းမှုရှိတယ်။ ဒါကြောင့် လီဗာပူးအခက်တွေ့နိုင်ပြီး နိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်တယ်။

ဗီလာ - နော့ဝှစ်ချ် ည ၁၁း၃၀ (၂-၃-၁၄)

ဗီလာက ခြေမတည်ငြိမ်ဘူး။ နော့ဝှစ်ချ်က လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ ရုန်းကန်နေရတယ်။ ခြေစွမ်းပိုင်းလည်းကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် နော့ဝှစ်ချ်တို့ ဒီပွဲမှာ သရေလောက်ကစားသွားနိုင်ဖို့ရှိတယ်။

ဆွမ်ဆီး - ပဲလေ့စ် ည ၁၁း၃၀ (၂-၃-၁၄)

အခုနောက်ပိုင်းပဲလေ့စ်ရဲ့ ရုန်းအားမဆိုးဘူး။ ဒါပေမယ့် တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတယ်။ ဆွမ်ဆီးက အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ဘူး။ ဒါကြောင့် ပဲလေ့စ်တို့ ရုန်းကန်သွားရဖို့ရှိပြီး ဆွမ်ဆီးကိုပဲ နှစ်သက်မိပါတယ်။

စပါး - ကာဒစ်ဖ် ည ၁၁း၃၀ (၂-၃-၁၄)

လက်ရှိအချိန်မှာ ကာဒစ်ဖ်ဟာ တန်းမဆင်းရဖို့ ရုန်းနေပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းပါတယ်။ စပါးက အိမ်ကွင်းမှာ အမှားခံမှာ မဟုတ်သလို လက်ရှိခြေလည်း မဆိုးဘူး။ စပါးနဲ့ပဲ ရပ်တည်အားပေးရဖို့ရှိတယ်။

(ရှိုင်းမင်းမင်း)

(၁၆) သင်းအဆင့်တွင် ဂျာမနီမြေ၌ ရီးယဲလ်မက်ဒရစ် အောင်ပွဲခံ အင်္ဂလန်အသင်းများအနက် သွင်းဂိုးရသည့်အသင်း ချယ်လ်ဆီးဖြစ်လာ

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီမြေ၌ ယှဉ်ပြိုင်ကစားခဲ့သော ဂျာမန်ကလပ်ရှော်လ်ကေးအသင်းနှင့် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး တူရကီမြေ၌ ယှဉ်ပြိုင်ကစားခဲ့သော ဂါလာတာစာရေးအသင်းနှင့် အင်္ဂလန်ကလပ် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ရှော်လ်ကေးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် ချန်ပီယံလိဂ်ဖလား ကိုးကြိမ်အထိ ရရှိထားသော ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့စံချိန်တင်ကစားသမားနှစ်ဦးဖြစ်သည့် ဂါရတ်ဘေးလ်နှင့် ခရစ္စတီယာနိုရိုနယ်လ်ဒိုတို့၏ သွင်းဂိုးများနှင့်အတူ ဘင်ဇီမာ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အဝေးကွင်းတွင် ရှော်လ်ကေးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ထို့ကြောင့် နည်းပြအန်ဆယ်လော့တီအနေဖြင့် ယင်းပွဲစဉ်၌ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသခဲ့သူဟု ဂါရတ်ဘေးလ်ကို ချီးကျူးစကား ပြောကြားခဲ့သည်။ ရှော်လ်ကေးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ပွဲစဉ်တွင် ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒိုနှင့် ဘင်ဇီမာတို့သည် တစ်ဦးနှစ်ဂိုးစီ သွင်းယူနိုင်ခဲ့သည့်အပြင် တစ်ဦးနှင့် တစ်ဦးဖန်တီးပေးမှုများ ရှိခဲ့ခြင်းကြောင့် အဝေးကွင်းတွင် အောင်ပွဲခံနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ပထမအကျော့ ပွဲစဉ်နှစ်ပွဲအနက် ပရိသတ်စိတ်ဝင်စားမှုအကောင်းဆုံးပွဲစဉ်ဖြစ်သည့် ဂါလာတာစာရေးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်သည် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အက်ပီလီကူတာ၏ ဖန်တီးပေးပို့မှုနှင့်အတူ တိုက်စစ်မှူး တောရက်စ်က ပထမပိုင်းပွဲကစားချိန် ၉ မိနစ်တွင် သွင်းယူပေးခဲ့သည့် သွင်းဂိုးဖြင့် အဝေးကွင်းတွင် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၄ မိနစ်တွင် ဂါလာတာစာရေး ကွင်းလယ်ကစားသမား ရှနိုက်ဒါ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် ချက်ဒ်ဂျူးက ချေပဂိုး သွင်းယူပေးခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ကာ ပွဲပြီးဆုံးခဲ့သည်။

ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ပထမအကျော့ပွဲစဉ်များတွင် မန်ယူအသင်းတစ်သင်းတည်းသာ အဝေးကွင်းရှုံးပွဲကြုံခဲ့ပြီး ဂါလာတာစာရေးနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှလွဲ၍ ကျန်ရှိသည့် အဝေးကွင်းသို့လာရောက်ကစားရသော ဧည့်သည်အသင်းများသည် နိုင်ပွဲကိုယ်စီရရှိခဲ့သည်။ (၁၆) သင်းအဆင့်ပွဲစဉ်များတွင် အင်္ဂလန်အသင်းများအနက် မန်စီးတီးအသင်း၊ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့သည် ပြိုင်ဘက်အသင်းများကို နှစ်ဂိုးပြတ်ဖြင့် အသီးသီးရှုံးနိမ့်ခဲ့သည့်အပြင် ရဂိုးမရှိ ပေးဂိုးသာ ပေးလိုက်ရသော်လည်း မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းမှာမူ ဦးဆောင်ဂိုး စတင်ရရှိခဲ့ခြင်းကြောင့် (၁၆)သင်းအဆင့် တက်လှမ်းနိုင်ခဲ့သည့် အင်္ဂလန်အသင်းများထဲတွင် (၁၆)သင်းအဆင့်၌ သွင်းဂိုးရသည့် အသင်းတစ်သင်းလည်း ဖြစ်လာခဲ့သည်။

ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ရော့ဘ်ဆင် ဘီအင်န်ပီပါရီဘတ်အိုးပင်းနှင့် လွဲမည်

ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ရော့ဘ်ဆင်သည် လက်ကောက်ဝတ်ဒဏ်ရာ ရရှိထားခြင်းကြောင့် မတ်လအတွင်း ကျင်းပမည့် ဘီအင်န်ပီပါရီဘတ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်၌ ပွဲချိန်ပြည့်တစ်ပွဲသာလျှင် ပါဝင်ကစားနိုင်ခဲ့ပြီး ယင်းဩစတြေးလျအိုးပင်းတွင်လည်း ဘယ်လ်ဂျီယံတင်းနစ်မယ် ဖလစ်ကန်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ လက်ရှိတွင်လည်း ဘယ်ဘက်လက်ကောက်ဝတ်ဒဏ်ရာ ရရှိထားခြင်းကြောင့် အင်ဒီယန်ဝဲလ်၌ ယှဉ်ပြိုင်ကစားမည့် ဘီအင်န်ပီပါရီဘတ်အိုးပင်းနှင့် လွဲချော်မည်ဖြစ်သည်။

ငွေကြယ်

မွေးနေ့ဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)နာယကကြီး ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၏ ၂၈-၂-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာသနာ့အကျိုး၊ မွေးရပ်မြေအကျိုးတို့ကို မိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

အထူးကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဝင်းဗိုလ် ကိုင်ဆောင်သော လက်ကိုင်အိတ် အနက်ရောင်(အရှည်) တစ်လုံးနှင့်အတူ အထဲတွင် ယဉ်မောင်းလိုင်စင်နှင့် အရေးကြီးသော Visiting Crads များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆုံး ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၁-၂၉၅၈၃၃၊ ၀၁-၂၉၀၅၆၂၊ ၀၉-၅၄၁၈၁၃၃၊ ၀၉-၅၀၉၄၀၃၆

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
ဦးသန်းဝင်း (A-4/5) (ခင်သိန်းစောပွဲရုံ)
သန်းထက်သာ(အစာတောင့်စက်ရုံ)

ချစ်ဖေဖေဦးသန်းဝင်း၏ ၂၈-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၅၀) နှစ် ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ချစ်သော ဇနီး၊ သားတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်ခင်ခင်မာ
ချစ်သားကြီး-ထက်နိုင်ဝင်း
ချစ်သားငယ်-ကောင်းထက်သာ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
ဦးသန်းဝင်း (A-4/5) (ခင်သိန်းစောပွဲရုံ)
သန်းထက်သာ(အစာတောင့်စက်ရုံ)

ဦးသန်းဝင်း၏ ၂၈-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၅၀)နှစ်ပြည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာခြင်းတို့နှင့်ပြည့်စုံ၍ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်၍ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါအပ်သည်။

ခင်သိန်းစောပွဲရုံမိသားစုနှင့်
သန်းထက်သာ အစာတောင့်စက်ရုံမိသားစု

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

အဘချစ်ဦးသန်းဝင်း၏ ၂၈-၂-၂၀၁၄ ရက်တွင် ကျရောက်သော ၅၀ နှစ် ပြည့်မွေးနေ့မှစ၍ ကြီးကြီးဒေါ်ခင်မာ၊ ကိုကြီး ထက်နိုင်ဝင်း၊ ကိုကြီးကောင်းကောင်းတို့နှင့်အတူ နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းနိုင်ပါစေ။

ချစ်တူမ-မေသဥ္စာမော်(မီးမီး)
ချစ်တူ-ထင်အောင်လင်း(သားသား)

ကလေးမြို့၌ တရားမဝင် တမလန်းသစ်တုံးများ သိမ်းဆည်းရမိ

ကလေး ဖေဖော်ဝါရီ ၂၇

ကလေးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး လှနိုင် ဦးဆောင်သော အဖွဲ့တို့က ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် မြို့သာရပ်ကွက် နယ်မြေ(၅) ရှိ ငွေးဆန်စက်ဝင်းအတွင်း သွားရောက်ရှာဖွေရာ ကောက်ရိုးနှင့် မြေပဲခွံများဖြင့် ဖုံးအုပ်ထားသော တရားမဝင် တမလန်းသစ်တုံး ဆိုဒ်စုံ ၃၇၆ ချောင်း (၃၈ ဒသမ ၅၇၇ တန်)အား ရှာဖွေတွေ့ရှိ၍ ဖမ်းဆီးသိမ်းဆည်းခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ တမလန်းသစ်တုံးများအား သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ တိုင်းတာမှုနှင့် တာဝန်ရှိသူများ၏ ရှာဖွေဖော်ထုတ်မှုများကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးကိုယ်တိုင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးစိုးမြင့်နှင့် မော်လိုက် အနောက်သစ်ထုတ်ရေး ဒေသ တာဝန်ခံမန်နေဂျာ ဦးစိုးနိုင်တို့နှင့် အတူ အနီးကပ်ကြီးကြပ်ကာ ဖမ်းဆီးရမိသည့် တမလန်းသစ်တုံးများကို သစ်တင် CLARK အသုံးပြုပြီး သစ်တိုက်ကားကြီးများဖြင့် ကလေးမြို့ မော် လိုက်အနောက် သစ်ထုတ်ရေး ဒေသဝင်းသို့ နေ့ချင်းပြီး သယ်ယူသိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသော တရားမဝင် တမလန်းသစ်တုံးများ ပိုင်ဆိုင်သူ ကလေးမြို့ ပင်လုံရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးဖက်တီးသည် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ချင်းပြည်နယ်သို့ သွားခဲ့ကြောင်း သိရသဖြင့် ဆက်လက်စုံစမ်းလျက်ရှိပြီး သစ်ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

(ဂျူနိုင်း)

သုံးခွမြို့၌ မီးလောင်မှုဖြစ်ပွား

သုံးခွ ဖေဖော်ဝါရီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၇)ရပ်ကွက် မြို့အထွက်၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီတွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ သုံးခွ-သန်လျင် ကားလမ်းဘေး ဆီဆိုင်တွင် နေလင်းထိုက်(၃၀) ဆိပ်ကမ်းသာလမ်း (၁၁) ရပ်ကွက်တွင် နေထိုင်သူသည် ဆီဘောက်ဆာကား အတွင်းသို့ ဆိုင်အတွင်းရှိ ဆီတိုင်ကီ ၁၀ လုံး ဂါလန် ၅၀၀ ကျော်အား ဆီဖြည့်ပြီး ဘောက်ဆာကား မောင်းထွက်သွားရာ ပေ ၃၀၀ ခန့်အရောက်တွင် ဆီဆိုင်အတွင်းမှ အခိုးအငွေ့များ ထွက်လာပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ သုံးခွမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ သန်လျင်မြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ခရမ်းမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီးနှင့် အုပ်ချုပ်မှုယာဉ် သုံးစီး လာရောက်ငြိမ်းသတ်ခဲ့သဖြင့် ညနေ ၆ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆီဂါလန် ၅၀၀ ကျော်၊ (၁၅ × ၁၅) ပေ ဆီဆိုင် အဆောက်အအုံနှင့်အတူ ဆိုင်ကယ် တစ်စီး၊ စက်ဘီးတစ်စီးတို့ ဆုံးရှုံးခဲ့၍ မီးပေါ့ဆစွာ အသုံးပြုသူ နေလင်းထိုက်အား ပုဒ်မ ၂၈၅ အရ အရေးယူထားကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ရွှေဘိုခရိုင်၌ တစ်ရက်အတွင်း လူသတ်မှု နှစ်ကြိမ် ဆက်တိုက်ဖြစ်ပွား

ရေဦး ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာငယ်ကျေးရွာ၏အနောက်ဘက် ချောက်မိုင်ခန့်အကွာရှိ တောတွင်းတစ်နေရာတွင် မိသားစုလိုက်ယာလုပ်ငန်းများလုပ်ကိုင်ရန် တဲဆောက်၍ နေထိုင်ခဲ့ကြစဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တောင်သူကြီးဦးမင်းအောင်နှင့် ဇနီးဒေါ်ဝင်းမာတို့သည် သားသမီးများ ဖြစ်ကြသော မတင်တင်ဖွေး (၁၆)နှစ်၊ မောင်ကျန် (၁၀)နှစ်နှင့် မခင်မို့မို့ထွေး (၄)နှစ်တို့အား တဲအစောင့်အဖြစ်ထားခဲ့ပြီး ရမန်းတောသို့ ကျမ်းတုံးခုတ်ရန် သွားရောက်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ကျမ်းတုံးခုတ်ရာမှ တဲသို့ပြန်ရောက်လာသည့်အခါ သမီးကြီးဖြစ်သူကို တဲ၌မတွေ့ရ၍ မိခင်ဖြစ်သူ ဒေါ်ဝင်းမာက သားဖြစ်သူ မောင်ကျန်အား ဘယ်သွားနေသလဲဟု မေးမြန်းခဲ့ရာ ရေခပ်သွားတယ်ဟု မောင်ကျန်က ပြောပြခဲ့သဖြင့် မိခင်ဖြစ်သူသည် ၎င်းတို့နေထိုင်ရာ တဲ၏အရှေ့မြောက်ဘက် ပေ ၂၅၀ ခန့်အကွာရှိ ချောင်းသို့လိုက်သွားခဲ့သည်။ မိနစ်အနည်းငယ်ခန့်ကြာသော် ဇနီးဖြစ်သူနှင့် သမီးဖြစ်သူ ချောင်းမှပြန်မလာသည့်အတွက် ဦးမင်းအောင်က ချောင်းသို့ထပ်မံ၍ လိုက်ပါသွားခဲ့ရာ အဆိုပါချောင်းအတွင်းရှိ လက်ယက်ရေတွင်းအနီးတွင် သမီးဖြစ်သူ မတင်တင်ဖွေးမှာ လည်ပင်းထိုးသွင်းဒဏ်ရာခြောက်ချက်ဖြင့်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ဝင်းမာသည်လည်း လည်ပင်းထိုးသွင်းဒဏ်ရာလေးချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီကလည်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြာအင်းကျေးရွာ၌ လူသတ်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာနေ မမာလွင်ဆိုသူ၏ နေအိမ်ရှေ့လမ်းပေါ်တွင် စကားများရန်ဖြစ်သံကြား၍ အိမ်ရှင်ဖြစ်သူ မမာလွင်မှ လမ်းသို့ထွက်ကြည့်ရာ သူမ၏ ခင်ပွန်းဖြစ်သူ ကိုဆန်းဝင်းဆိုသူမှာ ဦးခေါင်းနောက်စေ့ တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာနှစ်ချက်၊ မေးရိုးဝဲဘက် သုံးလက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခင်ဦးမြို့မရဲစခန်းသို့ သွားရောက် တိုင်တန်းခဲ့ကြောင်း သိရသည်။

တိုးတိုးဝင်း(မုံရွာ)



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်

ဆေးတင်ဒါအိတ်ဖွင့်ဈေးနှုန်းလွှာခေါ်ယူခြင်း

(Opened Tender)

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ် လက်အောက်ရှိ ဆေးရုံကြီးများနှင့် ဆေးခန်းများတွင် အသုံးပြုရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်ရက် (၅-၃-၂၀၁၄)ရက်နေ့ (၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်နှင့် လူမှုဖူလုံရေးရုံးချုပ်၊ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံအနီး၊ ရန်ကုန်မြို့တွင် ၂၇-၂-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူး (ဆေးဌာန)လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်နှင့် တာဝန်ခံဆရာဝန်၊ ပင်မဆေးသိုလှောင်ရေးဌာနကို အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆေးဌာန
လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်
ဖုန်း- ၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၂၈၂၊ ၀၁-၂၂၁၅၀၈





ရခိုင်ပြည်နယ်တွင် ပုစွန်သားပေါက်ဝယ်ယူမှုခက်ခဲ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ်အတွင်း ပုစွန်သားပေါက်များအား ဈေးကြီးမြင့်စွာ ဝယ်ယူနေရသောကြောင့် ယခုနှစ်ရန်ကုန်ဈေးကွက်သို့ ရောင်းချနိုင်မည့် ပုစွန်အထွက်နှုန်းကျဆင်းနိုင်ကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ပုစွန်ဈေးကောင်းတဲ့အတွက် မွေးတဲ့သူက တော်တော်မွေးချင်ကြတယ်။ ဒါပေမယ့် အစိုးရရဲ့သားပေါက်စခန်းတွေက မထုတ်လုပ်နိုင်သလို ပင်လယ်ပြင် သားပေါက်ကလည်းရှာမရဘူးဖြစ်နေတယ်။ ရခိုင်ပြည်နယ် ပုစွန်လုပ်ငန်းက တော်တော်အခက်အခဲရှိနေလို့ ဒီအတိုင်းသွားရင် အထွက်နှုန်းကျဆင်းနိုင်ပါတယ်" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးစံကျော်လှက ပြောသည်။

ရခိုင်ပြည်နယ်ရှိ ဒေသခံများ၏ ပုစွန်လုပ်ငန်း ပြန်လည်အဆင်ပြေမှုရှိလာစေရန်အတွက် သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူများအနေဖြင့် အစိုးရထံမှလည်းကောင်း၊ ပြင်ပအဖွဲ့အစည်းများမှလည်းကောင်း မွေးမြူရေးကန်များ ပြန်လည်ပြင်ဆင်နိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးကူညီပေးသင့်ကြောင်း၊ ပုစွန်မွေးခြင်းဆိုင်ရာအသိပညာပေးသင့်ကြောင်း၊ ပုစွန်မွေး၍ အောင်မြင်မှုရရှိသည်ကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများမှ ဒေသခံများအား လက်တွေ့လုပ်ကိုင်ပြသသင့်ကြောင်း ဒေသခံများထံမှ သိရသည်။

ပုစွန်ဈေးနှုန်းမြင့်မားလာမှုကြောင့် ဒေသခံများမှာ ပိုမိုစိတ်ဝင်စားလာပြီး မွေးမြူလိုကြသော်လည်း ရခိုင်ပြည်နယ်တွင် အဓိကမွေးမြူလုပ်ကိုင်သော ပုစွန်သုံးမျိုးမှာ ပုစွန်ကြား (ကုလားပုစွန်)၊ ပုစွန်ဖြူနှင့် ပုစွန်တက်(ခဲပျော့ရောင်) တို့ ဖြစ်သည်။ အစိုးရပုစွန်သားပေါက်စခန်းများမှ ပုစွန်ကြား၊ ပင်လယ်ပြင်မှ ပုစွန်ဖြူနှင့် ပုစွန်တက်မျိုးပေါက်များ မွေးမြူကြကာ ပုစွန်ကြားမှာ ယခင်နှစ်က တစ်ပိဿာလျှင် နှစ်သောင်းလေးထောင်ကျော် ယခုနှစ် တစ်ပိဿာ သုံးသောင်းကျော်နှင့် ကျန်သည့်ပုစွန်ဖြူနှင့် ပုစွန်တက်တို့မှာတစ်ပိဿာလျှင် တစ်သောင်းငါးထောင်ကျော် ဈေးရရှိကြောင်း သိရသည်။

"ကျောက်ဖြူ၊ စစ်တွေတို့မှာရှိတဲ့ သားပေါက်စခန်းတွေက မအောင်မြင်ဘူးဖြစ်နေတော့ ကျွန်တော်တို့ဝယ်လိုအားကိုသူတို့က မပေးနိုင်ဘူးဖြစ်နေတယ်။ စခန်းကသားပေါက်က တစ်ကောင် ရှစ်ကျပ်ပဲရှိပေမယ့် မထွက်နိုင်ဘူးဖြစ်နေတော့ ပင်လယ်ပြင်ကဖမ်းတဲ့ သားပေါက်တွေကိုတစ်ကောင် ၃၀ ကျပ်နဲ့ ဝယ်နေရပါတယ်။ စခန်းက သားပေါက် လိုသလိုမရတော့ ပင်လယ်ပြင်ကသားပေါက်ကိုပဲ အားကိုးနေရပါတယ်" ဟု မင်းပြားမြို့မှ ပုစွန်မွေးမြူရေးလုပ်ကိုင်သူ ဦးမောင်မောင်ထွန်းက ပြောသည်။

ယခင် အီးယူက မြန်မာနိုင်ငံအား စီးပွားရေးအရေးယူပိတ်ဆို့ထားချိန်၌ ရခိုင်ပြည်နယ်ရှိ ရေထွက်ကုန်ပုစွန်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချခဲ့သော်လည်း ယမန်နှစ် အီးယူစီးပွားရေး ပြန်လည်ဖြေလျှော့ပေးသည့်အချိန်မှစ၍ ရန်ကုန်ဈေးကွက်သို့သာ ပုစွန်ထွက်ကုန်များအား တင်ပို့ကြောင်း သိရသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော မြို့များမှာ မောင်တော၊ ရသေ့တောင်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် တောင်ကုတ်မြို့တို့ဖြစ်ပြီး ပေါက်တော၊ မင်းပြားနှင့် မြေပုံတို့မှာ အထွက်များဆုံး ပုစွန်မွေးမြူရေးလုပ်ငန်းဖြစ်သော်လည်း ယခင်ပုစွန်မွေးမြူရေးလုပ်ကိုင်သော လယ်မြေဧက ၁ သိန်း ၅ သောင်းကျော်ရှိရာမှ ယခု ၁ သိန်း ၁ သောင်းကျော်ထိ လျော့နည်းလာကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်စာရင်းများအရ သိရသည်။

စိုးအောင်ဖေ

မိတ္ထီလာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနေစဉ်။

ပြစ်ဒဏ်ကျခံပြီးအကျဉ်းသားများ အသက်မွေးဝမ်းကျောင်းနိုင်ရန် အတတ်ပညာများသင်ကြားပေး

မိတ္ထီလာ၊ ဖေဖော်ဝါရီ ၂၇

မိတ္ထီလာ အကျဉ်းထောင်တွင် အကျဉ်းသားများ ပြစ်ဒဏ်ကျခံပြီး ပြင်ပလူနေမှုဘဝ ပြန်လည်ရောက်ရှိချိန်တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်တတ်မြောက်စေရေးအတွက် ကုန်ထုတ်လုပ်မှု အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း မိတ္ထီလာ အကျဉ်းစီးဌာန ထောင်မှူး ဦးခင်မောင်ထွန်းက ပြောသည်။

"အကျဉ်းထောင်ထဲမှာ ရောက်နေတဲ့ကာလပတ်လုံး အချိန်တွေ အကျိုးမဲ့ကုန်ဆုံးစေတာမျိုးမဟုတ်ဘဲ သူတို့တွေရဲ့ ပြင်ပလူနေမှုဘဝအတွက် အကျိုးရှိ အထောက်အကူပြုစေမယ့် အသက်မွေးဝမ်းကျောင်းပညာကို လေ့ကျင့်သင်ကြားပေးတာပါ။ ကုန်ထုတ်လုပ်မှုအတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်း ပြုလုပ်ပေးနေတာပါ" ဟု ၎င်းကပြောသည်။

အဆိုပါ လေ့ကျင့်သင်ကြားတတ်မြောက်ကျွမ်းကျင်သွားပါက ရရှိမည့် အကျိုးအမြတ်များ၏ သုံးပုံတစ်ပုံကို ပြုလုပ်သည့် အကျဉ်းသားအား ခံစားခွင့်ပေးမည်ဖြစ်ပြီး ကျန်ရှိသည့် အမြတ်နှစ်ပုံအား အကျဉ်းဦးစီးဌာန၏ ရန်ပုံငွေ ထားရှိသွားမည်ဖြစ်သည်။

"လောလောဆယ်တော့ အမွေးတိုင်ထုတ်လုပ်နည်း အဆင့်ဆင့်ကို ခုံ ၂၈ ခုလောက်နဲ့ လေ့ကျင့်သင်ကြားပေးနေပါတယ်။ တဖြည်းဖြည်း ခုံ ၁၀၀ လောက်အထိ တိုးချဲ့ပြုလုပ်သွားဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာအကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူများအား ကုန်ထုတ်လုပ်မှုအတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်းအပြင် စာအုပ်စာပေများ လေ့လာဖတ်ရှုစေခြင်း၊ တရားစခန်းများနှင့် အခြေခံအဘိဓမ္မာသင်တန်းများ ဖွင့်လှစ်တက်ရောက်စေခြင်းတို့ကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပခုက္ကူမြို့တွင် လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ဆွေးနွေး

ပခုက္ကူ၊ ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ပြုလုပ်ရာ ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်၊ ရပ်ကွက်ဖွံ့ဖြိုးရေးထောက်ကူအဖွဲ့များ၊ နိုင်ငံရေးပါတီများအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ရာ တာဝန်ရှိသူများက လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အခြေခံအနှစ်သာရများကို အပြန်အလှန် ဆွေးနွေးပေးခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့သည် မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းမြို့များသို့ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဆက်လက်၍ဆွေးနွေးသွားမည်ဟု သိရသည်။

အောင်(မန်းတက္ကသိုလ်)

သတင်းတိုများ

မကွေးတွင် မီးလောင်မှုဖြစ်၊ ၅၄ ဦး အိမ်ခြေမဲ့

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၁) ထင်းတန်းရပ်ကွက် ချောင်းတွင်းမြစ်ကမ်းဘေးရှိ ရေလုပ်ငန်းမိသားစုများ နေထိုင်သော ဇီးကျွန်းရပ်ကွက်၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖယောင်းတိုင်မီးထွန်းညှိအိပ်ပျော်ရာမှ မီးစတင်လောင်ကျွမ်းရာ တဲအိမ် ၁၂ လုံး မီးလောင်ကျွမ်းပြီး လူဦးရေ ၅၄ ဦးခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။ ကိုသက်မောင်မောင်၏နေအိမ်၌ ဖယောင်းတိုင်မီးထွန်းညှိအိပ်ပျော်ရာမှ ကျား ၁၇ ဦး၊ မ ၃၇ ဦး စုစုပေါင်း ၅၄ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပြီး တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား စားသောက်ရေးအတွက် စီစဉ်ပေးလျက်ရှိသည်။ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍မီးလောင်မှုကို အချိန်မီအကြောင်းကြားနိုင်ခဲ့သော်လည်း လမ်းကျဉ်း၍ မီးသတ်ကားဝင်ရန် အခက်အခဲ ကြုံတွေ့ရကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

မေတ္တာမွန်နာရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်ရှိမေတ္တာမွန် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၄ ခု၊ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက နွားထိုးကြီးမြို့နယ်၊ အင်ကြင်းကျောက် လုပ်ငန်းရှင်များအသင်းရုံးချုပ်၌ ကျင်းပခဲ့သည်။ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မေတ္တာမွန်နာရေးကူညီမှုအသင်း၏ အတွင်းရေးမှူး ဦးကျော်စန်းလွင်က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းပြပြီး အလှူရှင်ဦးဝင်းရွှေကမေတ္တာမွန်နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ **ဦးသန်းအောင်ဇော်**

9F-6620

Ph:09-5418126

Travels&Tours Co.,Ltd

2014

April-13
April-12&13
April-12&13
April-13
April-13
April-13
April-12 &13
April-12&13
April-12
April-12
April-12
April-12
April-12
April-12&13
April-12
April-12,13,14
April-12
April-12

Ph:01-551453, 095156207, 095014517, 09450053758

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးပိုင်ကျေးရွာရှိ စိုက်ပျိုးရေရရှိရေးအတွက် ရေမြောင်းကွန်ကရစ်တည်ဆောက်မှုလုပ်ငန်းခွင်အား တွေ့ရစဉ်။

သပိတ်ကျင်း၊ အုံးပိုင်ကျေးရွာတွင် ဧက ၁၀၀ ကျော် စိုက်ပျိုးနိုင်ရန်အတွက် ရေမြောင်းတည်ဆောက်

သပိတ်ကျင်း၊ ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် အုံးပိုင်ကျေးရွာတွင် စိုက်ပျိုးရေရရှိရေးအတွက် လွှတ်တော်ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ရေမြောင်းကွန်ကရစ် ပြီးစီးမှုလုပ်ငန်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာမှ နွေစပါးစိုက်ပျိုးရန်အတွက် ရေအခက်အခဲဖြစ်နေခြင်းကြောင့် လွှတ်တော်မှခွင့်ပြုငွေကျပ်သိန်း ၃၀ နှင့် ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျပ် ၄၅ သိန်းအကုန်အကျခံကာ စုပေါင်းဆောင်ရွက်ခဲ့သည်။

"ဒီရေမြောင်းကြီးပြီးသွားလို့ ရာသီမရွေး ရေရရှိတော့မှာဖြစ်တဲ့အတွက် နွေစပါးအတွက် ရေအလုံအလောက် ရရှိနိုင်ပါပြီ။ အခုရရှိတဲ့ရေက ရွှေဥဒေါင်းချောင်းက စီးဆင်းလာတဲ့ရေကို တမံတုတ်ပြီး မြောင်းသွယ်အသုံးပြုခဲ့တာဖြစ်ပါတယ်" ဟု ယင်းဒေသမှ ဒေသခံတစ်ဦးက ပြောသည်။

နွေစပါးစိုက်ပျိုးရန်အတွက် ရေအခက်အခဲ ဖြစ်နေခြင်းကြောင့် လွှတ်တော်မှ ခွင့်ပြုငွေ . . .

အဆိုပါမြောင်းကြီး ပြီးမြောက်သွားပါက စိုက်ဧက ၁၂၀ တွင် ၈၈ ဧကစိုက်ပျိုးဖို့အတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး ရေရရှိမှု ပိုပြီးအဆင်ပြေလာသည့်အတွက် ဧက ၅၀ ကိုလည်း တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားကြောင်း သိရသည်။

"အခုလက်ရှိ မနောသုခမျိုးစပါးကို အများဆုံးစိုက်ပျိုးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး မျိုးကောင်းမျိုးသန့်နဲ့ အထွက်တိုးစပါးများကို ပိုပြီးစိုက်ပျိုးဖို့ စီစဉ်ထားပါတယ်။ စပါးချွေလှေ့မှုအပိုင်းမှာလည်း ခေတ်နဲ့အညီ ချွေလှေ့စက်ကို ငှားရမ်းအသုံးပြုနိုင်လို့ အချိန်ကုန် ငွေကုန်သက်သာပြီး အလုပ်သမားရှားပါးမှုပြဿနာနဲ့ မကြုံရတော့ပါဘူး။ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများနဲ့အညီ ကလေးများရဲ့ ပညာရေး၊ ကျန်းမာရေးများလည်း တိုးတက်လာမှာကို မြင်တွေ့ရမှာပါ"ဟု ယင်းဒေသခံကပြောသည်။

အုံးပိုင်ကျေးရွာသည် မန္တလေး-ဗန်းမော် ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး အိမ်ခြေ ၁၇၈ အိမ်၊ လူဦးရေ ၈၂၉ ဦးရှိကာ လယ်ယာစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးကာ နွေရာမိုးပါ လယ်ယာမြေသီးနှံများ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အတွက် ရေကြောင့် အခက်အခဲ မရှိတော့မည်ဖြစ်ကြောင်း အုံးပိုင်ကျေးရွာသားများက ပြောသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

တောင်ယာများ ချဲ့ထွင်ခြင်းကြောင့် လူနှင့်ဆင် ပဋိပက္ခများ ပိုမိုဖြစ်ပွား

သပိတ်ကျင်း၊ ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ၏လူဦးရေ တိုးပွားလာမှုနှင့် တောဆင်ရိုင်းများ ကျက်စားရာဒေသအတွင်းသို့ လူများရောက်ရှိလာပြီး သယံဇာတပစ္စည်းများ ရှာဖွေခြင်း၊ တောင်ယာများ ချဲ့ထွင်ခုတ်ယူခြင်းတို့ကြောင့် သစ်တောများပြုန်းတီးကာ စားကျက်မြေနေရာများ ကျဉ်းမြောင်းလာပြီး တောရိုင်းတိရစ္ဆာန်များ အစာရေစာ ရှားပါးလာမှုမှအစပြု၍ လူနှင့်ဆင် ပဋိပက္ခများ ပိုမိုဖြစ်ပွားလာကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ထို့ကြောင့် လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားနေမှု လျှော့ချရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အစီအစဉ်ဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တောဆင်ရိုင်းများအား ဖမ်းဆီးနိုင်ရန် ၂၀၁၁-၂၀၁၂ ဆင်ဖမ်းရာသီကာလတွင် ခွင့်ပြုပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ဆင်ဖမ်းရာသီကာလအတွင်း တောဆင်သုံးကောင်သာ ဖမ်းဆီးရမိသဖြင့် ၂၀၁၂-၂၀၁၃ ဆင်ဖမ်းရာသီကာလတွင် ဒုတိယအကြိမ် ဆင်ဖမ်းခွင့်တောင်းခံရာ ယခင်နှစ်က ခွင့်ပြုထားသည့် လက်ကျန်ခုနှစ်ကောင်ကို ထပ်မံဖမ်းဆီးခွင့် ပြုခဲ့သည်။

ထိုသို့ ပုဂ္ဂလိကကျုံးစနစ်ဖြင့် ဖမ်းဆီးရမိသောဆင်များကို လိမ္မာယဉ်ပါးသည်အထိ လေ့ကျင့်ထားပြီး ဖမ်းဆီးသော ဆင်သုံးကောင်လျှင် မြန်မာ့သစ်လုပ်ငန်းမှတစ်ကောင်နှင့် ဆင်ဖမ်းအဖွဲ့မှ နှစ်ကောင်နှုန်းဖြင့် ခွဲဝေယူရကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စိုးနိုင်ဝင်း (သပိတ်ကျင်း)

သတင်းတို

မြင်းခြံခရိုင်၌ လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုနှင့် ပညာပေးသင်တန်း ဖွင့်လှစ်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြင်းခြံခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ မြင်းခြံမြို့ အမှတ်(၆) စက်မှုလယ်ယာစခန်းတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှုနှင့် ပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆရာများ သင်တန်းသားအဖြစ် ကျေးရွာများမှ တောင်သူ ၃၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ၁၄ ရက် ကြာမြင့်မည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုနှင့် ပြင်ဆင်ထိန်းသိမ်းနည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ခရိုင်မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းမှာ ကျေးလက်နေတောင်သူ လယ်သမားများအား လယ်ယာသုံးစက်ကိရိယာနှင့်ပတ်သက်သော နည်းပညာများ သိရှိပြီး စနစ်တကျအသုံးပြုတတ်စေရန်၊ စက်ကိရိယာကို ကျွမ်းကျင်စွာအသုံးပြုနိုင်မည့် အကျိုးပြုတောင်သူများ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေတောင်သူ လယ်သမားများဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည်ဖြင့် ပြောကြားခဲ့သည်။

ဇော်မင်းနိုင် (မြင်းခြံ)



ပဲခူးမြို့တွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၆၀၀ ကျော်ကို ယာဉ်မှတ်ပုံတင်လိုင်စင် ထုတ်ပေးပြီးဖြစ်

ပဲခူး၊ ဖေဖော်ဝါရီ ၂၇

ပဲခူးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ဆိုင်ကယ်မှတ်ပုံတင်ခြင်းကို ၂၀၁၄ ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ ပြုလုပ်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်အထိ ပဲခူးခရိုင်မှ ၆၂၆ စီး၊ ပြည်ခရိုင်မှ ၃၅၅ စီး၊ တောင်ငူခရိုင်မှ ၄၅၂ စီး၊ သာယာဝတီခရိုင်မှ ၂၆၃ စီး စုစုပေါင်း ၁၆၉၆ စီးပြုလုပ်ပေးပြီးဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်စိန်ကပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကိုလည်း ယခုကဲ့သို့ ရုံးတွင်လာရောက်ပြုလုပ်သကဲ့သို့ နေ့ချင်းပြီး ဝန်ဆောင်မှုကို သက်ဆိုင်ရာဌာနကိုယ်စားလှယ်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့များနှင့် ညှိနှိုင်း၍ ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြောသည်။

မော်တော်ဆိုင်ကယ် မှတ်ပုံတင် လာရောက်ပြုလုပ်သူမြို့ခံတစ်ဦးကလည်း "အခု မှတ်ပုံတင်လိုင်စင် ပြုလုပ်ပေးတာ အရမ်းမြန်ပါတယ်။ ကညန၊ အကောက်အခွန်၊ ကုန်သွယ်ခွန်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ် စသည်ဖြင့် ဌာနစုံတစ်နေရာထဲတွင်ရှိသဖြင့် နေ့ချင်းပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုလိုပြည်သူတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောပါသည်။

မော်တော်ဆိုင်ကယ် မှတ်ပုံတင်ပြုလုပ်ပေးခြင်း စီမံချက်ကာလမှာ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ ဇူလိုင် ၄ ရက်အထိ အစိုးရရုံးပိတ်ရက်မပါ ရက်ပေါင်း ၉၀ သတ်မှတ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မိုးဝင်းသူ(ပဲခူး)

ပဲခူးတိုင်းတွင် တောဆင်ရိုင်းဝင်သောကြောင့် လူနှစ်ဦးသေဆုံး၊ ဒေသခံများထိတ်လန့်နေ

ကျွဲပွဲ၊ ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အုတ်တွင်း-ပြည်လမ်း မိုင်၂၀ ကျေးရွာ၌ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၄ ရက်များ၌ ရွာထဲသို့ တောဆင်ရိုင်းတစ်ကောင်ဝင်ရောက်သောင်းကျန်းသဖြင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုင် ၂၀ ကျေးရွာ မိုင်တိုင်အမှတ်၊ ၉၂/၂ နှင့် ၉၂/၃ အကြားသို့ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခွဲတွင် ခွေးဟောင်သံကြားသဖြင့် အိမ်ထဲမှထွက်ကြည့်ရာ သစ်ထုတ်ဌာန အငြိမ်းစားတစ်ဦးဖြစ်သူ အသက် ၆၆ နှစ်အရွယ်ရှိ ဦးစောဖိုးစိုး၊ အား တောဆင်ရိုင်းက ပြေးလာပြီး ရှေ့လက်ဖြင့် ခတ်ထုတ်လိုက်သောကြောင့် နံရိုးများကြေမွ၍ နေရာတွင်ပင် သေဆုံးသွားသည်။

အလားတူပင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင်လည်း မိုင်တိုင်အမှတ် ၉၃/၄ နှင့် ၉၃/၅ အကြား နဂါးကေရာဇ်စိုက်ခင်းအတွင်းသို့ တောဆင်ရောက်ရှိလာသောကြောင့် အိမ်ပေါ်မှ ဆင်းပြေးလာသော အသက် ၅၆ နှစ်အရွယ်ရှိ ဦးခင်မောင်မြင့်အား နင်းသတ်ခဲ့သဖြင့် ဝမ်းဗိုက်နှင့်ငယ်ပါ ပေါက်ထွက်ပြီးသေဆုံးခဲ့သည်။ တောဆင်ရိုင်းမှာ ဟိုင်းဆင်ဖြစ်၍ လျင်မြန်သောကြောင့် ဒေသခံများမှာ စိုးရိမ်နေရကြောင်း သိရသည်။ **(၁၅၁)**

မိသားစုစားဝတ်နေမှု အထောက်အကူပြု အလှူ့ဝတ်စုံနှင့် ပစ္စည်းစုံငှားရမ်းခြင်းလုပ်ငန်း

သတင်းဆောင်းပါး

azxPef;aZmfa&pf;ul)

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် မိဘတိုင်းသည် သားရှင်ပြု၊ သမီးနားသမင်္ဂလာကို ပြုလုပ်လေ့ရှိကြသည်။ မိမိက စီးပွားရေးချို့တဲ့၍ မလှူနိုင်သည့်တိုင် ဆွေမျိုးများ၊ မိတ်ဆွေများ အလှူတွင် ပရိက္ခရာရှစ်ပါးဖြင့် ထည့်၍ လှူလေ့ရှိသလို၊ သားသမီးမထွန်းကားသူ မိဘများကလည်း အခြားသောကလေး များကို ရှင်ပြုနားသမင်္ဂလာပြုလုပ်လေ့ရှိကြသည်။

သားရှင်ပြု သမီးနားသမင်္ဂလာပြုလုပ်ကြရာတွင် စေတနာသဒ္ဓါနှင့် အညီပြတ်သားစွာ လှူလေ့ရှိကြသည်။ ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလောက် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ခြိမ့်ခြိမ့်သဲသဲ ကျင်းပလှူဒါန်းလေ့ရှိကြသည်။ အလှူလှည့်ရာတွင်လည်း ပုဂံခေတ်ဝတ်စားဆင်ယင်မှု၊ ရတနာပုံခေတ် ဝတ်စားဆင်ယင်မှု (ဝန်းခင်း)ခြင်း ခလေ့နှင့်အတူ ဆင်များ၊ မြင်းများ၊ ဝေါများ၊ ရွှေလှည်းယာဉ်ကျော့များဖြင့် လှည့်လည်ကြသည့် ဓလေ့သည်လည်း ယနေ့တိုင်ထွန်းကားရှင်သန်နေဆဲ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များ ဖြစ်ပါသည်။

အဆိုပါ ဓလေ့များ ရှင်သန်ထွန်းကားလျက်ရှိနေသဖြင့်လည်း ရှင်လောင်းဝတ်စုံ၊ နားသဝတ်စုံ၊ ဝန်းခင်းဝတ်စုံ၊ ငွေဖလား၊ သက်န်းပန်းမှအစ အလှူပစ္စည်းအစုံ ငှားရမ်းခြင်းလုပ်ငန်းသည် အရိပ်ထဲတွင် အိုးမကွာ အိမ်မကွာ မိသားစုနှင့် အတူ ချွေးချွေးထွေးထွေးချမ်းမြေ့စွာ လုပ်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေစကြိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ လဝန်းသစ် အလှူ့ဝတ်စုံ၊ ပစ္စည်းစုံငှားရမ်းခြင်းလုပ်ငန်းမှ လေ့လာသိရှိရသည်။

အလှူ့ဝတ်စုံ၊ အလှူ့မင်္ဂလာနှင့် ပတ်သက်သည့် ပစ္စည်းစုံငှားရမ်းခြင်းလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

"ကျွန်တော်တို့အလုပ်က ငွေတော့ရင်းရတာပေါ့ ခေတ်အခြေအနေနဲ့ လိုက်ဖက်အောင် ပစ္စည်းတွေကို ထုထောင်ထားပါတယ်။ ဥစ္စာခနေကြွယ်ဝသူတွေငှားရမ်းသလို မပြည့်စုံသူတွေအတွက်လည်း ပစ္စည်းစုံငှားရမ်းပါတယ်။ ရှင်လောင်း ဝတ်စုံ၊ နားသဝတ်စုံတစ်စုံကို ကျပ် ၃၅၀၀ တန်ကနေ ကျပ် ၇၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀၊ကျပ် ၂၀၀၀၀၊ ကျပ် ၂၅၀၀၀

ဥစ္စာခနေကြွယ်ဝသူတွေ ငှားရမ်းသလို မပြည့်စုံသူတွေ . . .

အထိ အစားစားရှိပါတယ်။ လသား အရွယ်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူအရွယ်ထိ အရွယ်အမျိုးမျိုး ထားပါတယ်။ ဝတ်စုံများကိုလည်း နောက်ဆုံးပေါ်ဒီဇိုင်းများနဲ့ စီမံထားပါတယ်။ အဝတ်အထည်တွေကို တစ်ပွဲပြီးတိုင်း အနံ့ဆိုနံ့ဖွတ်လျှော်ပြီး သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ပြုလုပ်ငှားရမ်းတဲ့အတွက် အမြဲတမ်းတောက်ပသစ်လွင်နေပါတယ်။ အဲဒါကြောင့်လည်း ရေစကြိုမြို့နယ်မှာ သာမက ပခုက္ကူ မြိုင်၊ ပေါက်၊ မြောင်မြို့နယ်များကပါ လာရောက်ငှားရမ်းကြပါတယ်။ အလှူရာသီ တစ်ရာသီကို ပွဲ ၂၅၊ ၃၀ လောက် ငှားရမ်းရပါတယ်။ အရိပ်ထဲမှာ မိသားစုနှင့်အတူ ငြိမ်းချမ်းစွာလုပ်ကိုင်လို့ရတဲ့အလုပ်ပါ။ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အိမ်မှာက ဈေးလည်းရောင်းပါတယ်။ ဗွီဒီယိုမှတ်တမ်းတင် ရိုက်ကူးရေးလည်း လုပ်ပါတယ်" ဟု ရှင်းလင်းပြောပြပါသည်။

သို့အတွက် ကုသိုလ်လည်းရဝမ်းလည်းဝသည့် မြန်မာ့ရိုးရာဓလေ့ ရှင်လောင်းဝတ်စုံ ငှားရမ်းခြင်းလုပ်ငန်းသည် မကြီးပွားသော်လည်း မိသားစုစားဝတ်နေမှုကို အထောက်အကူပြုသော လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းရာရောက်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

Asia Global Travels & Tours ၂၀၁၄

ပြောက်ကွက်ဝယ်လိုသည်

09 31268183
09 31589922

ဘုရားစေတီနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများ ဂေါပကအဖွဲ့ဆိုင်ရာ ဥပဒေမူကြမ်းကို ဥပဒေပုံစံဝင်ရန် ပညာရပ်ပိုင်းဆိုင်ရာစိစစ်

ရန်ကုန်၊ဖေဖော်ဝါရီ ၂၇

ဘုရားစေတီနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများ ဂေါပကအဖွဲ့ဆိုင်ရာဥပဒေကို သာသနာရေးဝန်ကြီးဌာနမှ လွှတ်တော်သို့ အမြန်ဆုံး တင်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ ယခုအခြေအနေတွင် ရေးဆွဲပြီးသည့် အဆိုပါဥပဒေမူကြမ်းကို ဥပဒေပညာရှင်များက ဥပဒေပုံစံဝင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များ တည်းဖြတ်၍ သေချာစိစစ်ဆောင်ရွက်နေသည့် အဆင့်တွင်ရှိနေကြောင်း သာသနာရေးဝန်ကြီးဌာနမှ သိရသည်။

"ဒီ ဥပဒေအမြန်ဆုံး ပေါ်ထွက်နိုင်အောင် ဝန်ကြီး၊ဒုဝန်ကြီး၊ ညွှန်ချုပ်၊ ဒုညွှန်ချုပ်၊ ရုံးအဖွဲ့မှူးနဲ့ ဘုတ်အဖွဲ့ဝင်တွေက ဟာကွက်မရှိအောင် အမျိုးမျိုးအကြိမ်ကြိမ် သူ့အခန်းအလိုက် ပြင်ဆင်ဖြည့်စွက်တည်းဖြတ်တာ ပြီးသွားပါပြီ။ အရင်နမူနာဂေါပကစည်းမျဉ်းကိုအခြေခံပြီးတော့ အကောင်းဆုံးဖြစ်အောင် ရေးထားတာပါ။ အခု အဲဒီ ဥပဒေမူကြမ်းကို ဥပဒေရှုထောင့်နဲ့ ပုံစံဝင်အောင် ဥပဒေပညာရှင်တွေကို ပေးထားပါတယ်။သူတို့က ဥပဒေပိုင်း ပြင်ဆင်ချက်တွေ လုပ်နိုင်ဖို့ သေချာစိစစ် ဆောင်ရွက်နေပါတယ်" ဟု သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

> ဥပဒေက ဘုရားနဲ့ဆိုင်ပြီး မဟုတ်တာတွေ မလုပ်နိုင်အောင်နဲ့ . . .

လက်ရှိ သာသနာရေးဝန်ကြီးဌာနမှ ရေးဆွဲထားသော ဂေါပကဥပဒေမူကြမ်းတွင် အခန်း ၁၉ ခန်းပါဝင်သည်ဟု သိရှိရပြီး ဥပဒေပညာရှင်များမှ သေချာစိစစ်၍ လိုအပ်ချက်များအား အကြံပြုလာခဲ့ပါက ပြန်လည်ပြင်ဆင်သွားမည်ဖြစ်သည်။ ထို့ပြင် ဆင်ချက်များအား သဘောတူညီပါက ပြည်ထောင်စုရှေ့နေချုပ်ထံ တရားဝင် အကြံပြုချက်တောင်းခံကာ အစိုးရအဖွဲ့၏ အဓိကကျသော ဝန်ကြီးများအစည်းအဝေး (Cabinet)သို့ တင်ပြမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်သည်။

အဆိုပါ ဂေါပကဥပဒေအား လွှတ်တော်မှ တရားဝင် အတည်ပြုနိုင်ခဲ့ပါက မြန်မာတစ်နိုင်ငံ အနှံ့အပြားတွင် တည်ရှိသော စေတီများ၊ ရုပ်ပွားတော်များနှင့် သာသနိကအဆောက်အအုံများအား နိုင်ငံတော်အဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့် နှင့်မြို့နယ်၊ ခရိုင်အဆင့်အလိုက် တစ်ပြေးတစ်ညီတည်း ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်ဟု သိရသည်။

"အဓိက ဂေါပကဥပဒေကဘုရားနဲ့ဆိုင်ပြီး မဟုတ်တာတွေ မလုပ်နိုင်အောင်နဲ့ အလွဲသုံးစား မလုပ်နိုင်အောင်လို့ပါ။ အရင်ဂေါပက စည်းမျဉ်းက တချို့နေရာတွေရှိသလို တချို့နေရာတွေမှာ မရှိကြပါဘူး။ ရှိတဲ့ဟာတွေကလည်း တစ်ခုနဲ့တစ်ခု မတူကြတာ တွေ့ရပါတယ်။ ဒါကြောင့် တစ်ပြေးညီဖြစ်အောင်နဲ့ တစ်နိုင်ငံလုံးက သမိုင်းဝင် စေတီပုထိုးတွေကို ထိန်းသိမ်း စောင့်ရှောက်နိုင်အောင်လို့ ဒီဥပဒေရေးဆွဲရတာပါ" ဟု သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမိုင်းဝင်စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် သာသနိကအဆောက်အအုံများတွင် ယခင်ဂေါပက စည်းမျဉ်းသာရှိခဲ့ပြီး သာသနာရေး ဝန်ကြီးဌာနမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တပြေးညီဖြစ်ရန် ဘုရားစေတီနှင့် ဗုဒ္ဓသာသနိကအဆောက်အအုံများ ဂေါပကအဖွဲ့ဆိုင်ရာ ဥပဒေရေးဆွဲခြင်းဖြစ်ကြောင်းသိရသည်။

စိုးအောင်ဖေ

သတင်းတို

နိုင်ငံခြားဝင်ငွေရရှိသော ကြိမ်နှင့် ငါးမှုန့်အိတ်များ ဆိပ်ကမ်းသို့ဝင်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေများဖြစ်သည့် ကိုင်းတန်းအမှတ်(၁)နှင့်ဝါးတန်းအမှတ်(၆) ဆိပ်ခံဖောတံတားတို့တွင် တနင်္သာရီတိုင်းဒေသကြီး မြို့နယ်များဖြစ်သော မြိတ်နှင့် ကျွန်းစုမြို့နယ် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် ကြိမ် ၁၃ တန်၊ ငါးမှုန့်အိတ် ၇၀၀၀ နှင့် အခြားဒေသထွက်ကုန်ပစ္စည်းများဝင်ရောက်ခဲ့သည်။ အဆိုပါ ကြိမ်နှင့် ငါးမှုန့်အိတ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ စက်ရုံများမှ ကုန်ချောထုတ်လုပ်၍လည်းကောင်းကုန်ကြမ်းအဖြစ်လည်းကောင်း ပြည်တွင်းနှင့်ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုကားလမ်းတွင် အဆင့်မြင့်ကွန်ကရစ်တံတားများကို ကျပ် ၂၈၇ ဒသမ ၅၀၀ သန်းအကုန်ကျခံတည်ဆောက်

ပဲခူး၊ ဖေဖော်ဝါရီ ၂၇

မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း ၁၀ မိုင် တံတားကို ခန့်မှန်းတန်ဖိုးကျပ် ၂၈၇ဒသမ ၅၀၀ သန်း အကုန်အကျခံတည်ဆောက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင် လက်ထောက်အင်ဂျင်နီယာ(မြို့-ပြ)က ပြောသည်။

တံတားအရှည်ပေ ၁၀၀ ခန်းဖွင့်အကျယ် ၁၀၀ ပေ တစ်ခန်းဖြစ်ပြီး ကျန်တံတားအတိုင်းအတာများမှာ ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ကို ဆက်သွယ်ထားသည့် 'နန့်စီးအောင်တံတား' အတိုင်း တည်ဆောက်မည်ဖြစ်ပြီး အဆိုပါတံတားသည် ရေလည်တိုင် RC ယက်မနှင့် RC ကြမ်းခင်းအရှည် ၁၂၀ ပေ၊ အကျယ် ၆၀ ပေ ခန့်ဖွင့် နှစ်ခန်း၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ နှစ်လမ်းသွား၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ၂ ပေ၊ ခွင့်ပြုအလေးချိန် ၆၀ တန် ခန့်မှန်းတန်ဖိုး ကျပ် ၃၈၅ သန်း ကုန်ကျခဲ့သည်။

နန့်စီးအောင်တံတားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သန်း ၁၅၀ ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၅ က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ငှက်ခါး(မိုးညှင်း)

တစ်ပိုင်တစ်နိုင် ငါးကန်များမှ ငါးပိဿာချိန် ၂၇၅၀၀ ထွက်ရှိမည်ခန့်မှန်း

မလှိုင်၊ ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကျေးလက်တစ်ပိုင်တစ်နိုင် ကန်ငယ်များတွင် ၂၀၁၃ ခုနှစ်က ငါးမျိုးများစိုက်ထည့်ခဲ့ရာ ယခုနှစ် ငါးဖမ်းရာသီတွင် ငါးပိဿာချိန် ၂၇၅၀၀ ခန့်ထွက်ရှိနိုင်မည်ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ခန့်မှန်းထားကြောင်းသိရသည် ။

မလှိုင်မြို့နယ်အတွင်း ကျေးလက်တစ်ပိုင်တစ်နိုင် စုစုပေါင်း ၁၉၇ ဧကရှိ ဆည်နှင့် ကန်ငယ်ကိုးခုရှိရာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ငါးမျိုး ၇၅၀၀၀ နှင့် ပုဂ္ဂလိကမှ ငါးမျိုး ၃၅၀၀၀၊ စုစုပေါင်း ငါးမျိုး ၁၁၀၀၀၀ စိုက်ထည့်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ငါးဖမ်းမည့် မတ်လတွင် ငါးတစ်ကောင် ၅၀ ကျပ်သားခန့်ရှိပြီး ငါးပိဿာချိန် ၂၇၅၀၀ ခန့်ထွက်ရှိမည်ဖြစ်ကာ ငါး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြစ်၍ ကျပ်သိန်း ၁၁၀၀ ခန့် အကျိုးဖြစ်ထွန်းမည်ဟု ခန့်မှန်းထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုငွေများကိုလည်း စက်ယန္တရားများဖြင့် ဆည်နှင့် ကန်ပေါင်း ၄၂ ခု၊ အလုပ်သမားများဖြင့် ၁၅ ကန်၊ စုစုပေါင်း ၅၇ ကန်တူးဖော်ခဲ့ပြီး၊ လက်ရှိငါးမွေးမြူလျက်ရှိသည့် ကန်ကိုးခုနှင့် ထပ်မံတူးဖော်ရန် ၅၇ ကန် အနက်မှ ၁၁ ကန် စုစုပေါင်း ၂၀ ကန်အတွက် ငါးမျိုးပေါင်း သုံးသိန်းအား ၂၀၁၄ ခုနှစ် ငါးမျိုးစိုက်ထည့်သည့် ရာသီတွင် စိုက်ထည့်နိုင်ရေးကိုလည်း ဆောင်ရွက်ပေးရန် တင်ပြထားကြောင်းသိရသည် ။

အောင်ဌေး(မလှိုင်)

ငါးကန်မှ ငါးများဖမ်းဆီးလာသည်ကို တွေ့ရစဉ်။





မော်တော်ယာဉ် မှတ်ပုံတင်လိုင်စင် ထုတ်ပေးသည့် ကနဦးရုံးအား ထောက်ကြန့်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်

ရန်ကုန်တိုင်းဒေသကြီး၊ မဟာဗန္ဓုလလမ်းပေါ်ရှိ မီးပွိုင့်တွင်စောင့်ဆိုင်းနေသော ယာဉ်ငယ်များကို တွေ့ရစဉ်။

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

ကနဦးမော်တော်ယာဉ်မှတ်ပုံတင်လိုင်စင်ထုတ်ပေးသည့် ရုံးတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်အတွင်းရှိ ယခင် အမှတ် (၉) ကပရယာဉ်လိုင်းနေရာတွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလကုန်ပိုင်းက ပြောသည်။

"ရန်ကုန်မြို့ထဲမှာ ကားတွေကြပ်လာလို့ ကနဦးယာဉ်မှတ်ပုံတင်လုပ်ပေးတဲ့ ကားအသေးတွေကို ထောက်ကြန့်ရွှေ့ဖို့ နေရာရွေးချယ်ပြီးပြီ။ အဆောက်အအုံတွေ ဘာတွေတော့ မဆောက်ရသေးဘူး" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရန်ကုန်ရှိ မြင်သာကနဦးရုံးခွဲ၌ ကားသေးများပြုလုပ်၍ ရွာသာကြီး ကနဦးရုံးခွဲတွင် နှစ်တန်နှင့်အထက် ယာဉ်ကြီးများ ရာသက်ပန်အငှားယာဉ်ငယ်များ ပြုလုပ်ပေးခြင်း၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

"ကားတွေ မှတ်ပုံတင်လာလုပ်တဲ့ အချိန်ကျရင် မြင်သာကနေ ဒီဘက်စံပြဈေးကုန်းကျော်တံတားနားအထိ ယာဉ်ကြောပိတ်တာ၊ တစ်ခါတစ်လေ မီးပွိုင့်မှာ ကားတွေကတန်းနေပြီး ရှေ့လည်းတိုးမရ နောက်လည်းဆုတ်မရ ဖြစ်နေကြတယ်။ မှတ်တိုင်ကလည်း အဲဒီနားမှာဖြစ်နေတော့ ပိုဆိုးတာပေါ့" ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်း စတင်ခဲ့သော ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု စီမံချက်နှင့်အတူ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ပိုမိုဖြစ်ပွားလာခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ် အစီးရေ ၁၁၁၁၀၆ စီး၊ ယာဉ်အိုယာဉ်ဟောင်းအစားထိုး ပါမစ်ထုတ်ပေးမှုအဖြစ် ၇၈၁၂၂ စီး ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်မှုကော်မတီအစည်းအဝေး (၅/၂၀၁၃) အရ သိရသည်။

တင်မောင်ဦး

လာမည့်နှစ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် နိုင်ငံတော်မှ အသုံးစရိတ် ချထားပေးရန်လိုအပ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် အသုံးစရိတ် (ဘတ်ဂျက်) ချထားပေးရန် အရေးတကြီး လိုအပ်နေကြောင်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "အာဆီယံနိုင်ငံတွေမှာ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး နိုင်ငံတော်ပိုင်းက ဘတ်ဂျက်ချပေးထားတော့ အဆင်ပြေတယ်။ ပိုပြီးထိထိရောက်ရောက်လုပ်ဆောင်နိုင်တယ်။ မြန်မာနိုင်ငံမှာတော့ ဒါမျိုးသတ်မှတ်ပေးထားတာမရှိသေးဘူး။ ဒါကြောင့် လာမယ့်ဘဏ္ဍာနှစ်မှာ နိုင်ငံတော်ပိုင်းကနေ Tourism Promotion Budget ကို လျာထားပေးစေချင်ပါတယ်" ဟု ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသော နိုင်ငံတော်သမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့ကဏ္ဍအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုလဝက စသည့်ဌာနများစွာနှင့် ဆက်စပ်လုပ်ကိုင်နေသောကြောင့် ကဏ္ဍအတွက် သီးသန့်တာဝန်ယူဆောင်ရွက်မည့်သူ လိုအပ်ကြောင်း ပြောသည်။

"ခရီးသွားကဏ္ဍနဲ့ပတ်သက်ပြီး နိုင်ငံခြားခရီးသွားမြှင့်တင်ရေးတွေ ဆောင်ရွက်ဖို့ ငွေကြေးလိုပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် ပြီးခဲ့တဲ့တစ်နှစ်ကျော်က ခရီးသွားမြှင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၆၅ သန်း အသုံးပြုသွားပါတယ်။ ဘဏ်လုပ်ငန်းအပိုင်းကလည်း ခရီးသွားကဏ္ဍကို ထောက်ပံ့ပေးနိုင်ဖို့ အတိုးနှုန်းသက်သာပြီး ကာလရှည်ချေးငွေထုတ်ပေးမှုအပိုင်းတွေ လုပ်ဆောင်ပေးရင် အဆင်ပြေမှာပါ" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ကိုယ်စား တင်ပြဆွေးနွေးသူ ဦးဉာဏ်ဝင်းက ပြောသည်။

မြန်မာနိုင်ငံကို ပြည်ပခရီးသွားဝင်ရောက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ဦးရေတစ်သန်းသာရှိရာမှ ၂၀၁၃ ခုနှစ်တွင် နှစ်သန်းထိမြင့်တက်လာခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ထိုင်းနိုင်ငံတွင် ခရီးသွား တစ်နှစ်ကို ၂၄ သန်း၊ မလေးရှားတွင် ၂၈ သန်း၊ လာအိုတွင် သုံးသန်း၊ ကမ္ဘောဒီးယားတွင် ငါးသန်း၊ ဗီယက်နမ်တွင် ခုနစ်သန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

လေပြေ

သတင်းတို

ကုန်စည်စီးဆင်းမှုနှင့် ရာသီမရွေးသွားလာနိုင်ရန် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန်နှင့် ရာသီမရွေးသွားလာမှု လွယ်ကူစေရန်အတွက် ကျေးရွာချင်းဆက်လမ်းများ၊ လယ်ယာထုတ်ကုန်လမ်းများ၊ မြို့သို့ဆက်သွယ်ထားသော လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ မုံပင်-ရွာသစ်ကလေး ကျေးရွာချင်းဆက်လမ်း ဂျင်းကျောက်မြေဖို့ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ မုံပင်ကျေးရွာနှင့် ရွာသစ်ကလေးကျေးရွာတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းကို မန္တလေးတိုင်းဒေသကြီးအစိုးရ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၈၉ သိန်း အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ရာ ရာသီအရွေး သွားလာရေးလွယ်ကူအဆင်ပြေတော့မည် ဖြစ်သည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ထန်တလန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မည်

ချင်းပြည်နယ်၊ ဖေဖော်ဝါရီ ၂၇

မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖော်ဆောင်ရန် ဇန်နဝါရီလကုန်ပိုင်းက ပြည်ထောင်စုလွှတ်တော်မှ မြို့နယ်တစ်ခုစီအား ချမှတ်ပေးခဲ့သည့် ကျပ်သိန်း ၁၀၀၀ ဖြင့် အစိုးရလက်လှမ်းမမီသည့်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်ရှိ မြို့နယ်ကိုးမြို့နယ်မှ ပြည်သူ့လွှတ်တော်အမတ်ကိုးဦးအား လက်ရှိနိုင်ငံတော်အစိုးရက ၂၀၁၂-၂၀၁၃ ဘဏ္ဍာငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် မြို့နယ်တစ်ခုစီတွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ချမှတ်ပေးပြီး သက်ဆိုင်ရာလွှတ်တော်အမတ်များက ကျေးလက်ဒေသ ရေသန့်သွယ်ယူရေး၊ လမ်းဖောက်လုပ်ရေး၊ လမ်းပြုပြင်ရေးနှင့် ဒေသအတွင်း မီးရရှိရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်ထောက်ပံ့ငွေဖြင့် ယင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ၎င်းတို့တင်ပြထားသည့် အတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းများအတွက် လုပ်ငန်းလုပ်ဆောင်ချက် ထိရောက်မှုရှိ-မရှိကိုလည်း စောင့်ကြည့်မည့်ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ယင်းဘတ်ဂျက်ငွေဖြင့် ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် အပြီးဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းလုပ်ငန်း၏ အစီရင်ခံစာတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် ဓာတ်ပုံများနှင့်အတူ သက်ဆိုင်ရာသို့ အစီရင်ခံရန် တောင်းဆိုထားကြောင်း သိရသည်။

ယင်းဘတ်ဂျက်ငွေကို ထန်တလန်မြို့ပေါ် အမှတ် ၁၊ ၂၊ ၃ နယ်မြေများအတွက် ကျပ် ၁၅ သိန်းစီဖြင့်လည်းကောင်း၊ မြို့တွင်းလမ်းပြုပြင်ရေးအတွက် ကျပ်သိန်း ၂၀ ဖြင့် စုစုပေါင်း ကျပ် ၆၅ သိန်းနှင့် ထန်တလန် မြို့နယ်အတွင်းရှိ ကျေးရွာများကို သက်ဆိုင်ရာကျေးရွာများ၏ တောင်းဆိုချက်အရ ဆက်လက်ထုတ်ပေးရန်ရှိကြောင်း သိရသည်။

ထိုသို့ မြို့ပေါ်အပါအဝင် တစ်မြို့နယ်လုံးအတွက် ကုန်ကျငွေ ကျပ် ၉၇၇ သိန်း ထုတ်ပေးရန်ရှိပြီး လက်ရှိကျေးရွာ ၁၀ ရွာ၏ တာဝန်ရှိသူများကိုသာ ထုတ်ပေးရန်သာ ကျန်ရှိကြောင်း သိရသည်။

ခိုဟေဆာ(ချင်းတောင်ခြေ)



တာပေလောက စာအုပ်များ
၁၅ ရာခိုင်နှုန်းလျှော့၍
စာပေလောက စာအုပ်ဆိုင်များတွင် ရောင်းပေးနေပါသည်။
ဖေဖော်ဝါရီ ၂၈၊ မတ် ၁ - ၂၊ [၃ ရက်]

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့်စာမူနှင့် လက်ရာများဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ ကျန်းမာပြည့်ဝဘဝသုခ မူးယစ်ဆေးဆို ကင်းစင်မှ "Make health your" new hight in life not drugs" အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး၊ မူးယစ်သားကောင် မဖြစ်စေရေး ဖေးမကူညီဝိုင်းဝန်းပေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့ ဒို့လူငယ်တွေစည်းရုံးစို့၊ မူးယစ်စွဲသူ ဖေးမကူ ပြည်သူများတို့ ဝိုင်းဝန်းစို့၊ မူးယစ်စွဲသူ ဖေးမကူ ညီတူလမ်းပြ နိုင်ငံအလှတို့ဖြစ်သည်။

ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင်ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀၊ (ပါဒ ၁၀၀ မှ ၂၀၀)အတွင်းရှိရမည်။

တေးသီချင်းသည် တစ်ဦးချင်း(သို့) အဖွဲ့နှင့်သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို ကွန်ပျူတာ(သို့) လက်နှိပ်စက်ဖြင့်ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

ဓာတ်ပုံသည် Photo Essay အဖြစ် 12" × 18" အရွယ်ရောင်စုံ (သို့) Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့်လျော်ညီစွာ ရိုက်ကူးထားသော ပုံသေးသုံးပုံမှ ငါးပုံအထိထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12" × 18" အရွယ်ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 ဆိုဒ်စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းဟူ၍ သုံးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃၊ ၄တန်း)၊ အလယ်တန်းအဆင့် (၅၊ ၆၊ ၇တန်း)နှင့် အထက်တန်းအဆင့် (၈၊ ၉၊ ၁၀တန်း)ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့်အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅၊ ၆၊ ၇တန်း)နှင့် အထက်တန်းအဆင့် (၈၊ ၉၊ ၁၀တန်း)ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံမပါစေရ။ IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရမည်။ Software Programme ကို Corel draw, photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 ဆိုဒ်စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ၊ ယှဉ်ပြိုင်ခွင့်ရှိသည်။

ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 12"× 18" အရွယ် Photo Essay လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရသည်။

ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို ဒုတိယရဲမှူးကြီးမြင့်အောင် (တာဝန်ခံမူးယစ်ပြတိုက်)၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ် မှာ ၀၁-၅၀၅၂၆၁ ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိမည့် နေ့ရက်များမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၉-၅-၂၀၁၄ရက်၊ တေးသီချင်း ၂-၅-၂၀၁၄ရက်၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ၁၆-၅-၂၀၁၄ရက်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ၆-၆-၂၀၁၄ ရက် ဖြစ်သည်။

ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ရေး အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူးဦးငွေထွန်းမှ မီးရိုက်တုတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့အား လက်တွေ့ရှင်းလင်းသရုပ်ပြရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် မဒေါက်မြို့၊ ပိန်းဇလုပ်မြို့၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့များမှ ဈေးတာဝန်ခံများ၊ ဈေးသူဈေးသားများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၁၅၀ ခန့်တို့ ပူးပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ခင်မောင်လွင်(ညောင်လေးပင်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေး အတွေ့အကြုံရှင်းလင်း

မကွေး ဖေဖော်ဝါရီ ၂၇

နေပြည်တော်တွင်ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို မကွေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက ရှင်းလင်းမှာကြားသည်။အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြသည်။ **ခင်မာလာ(မကွေး)**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့မှ စင်မကော်ကျေးရွာသို့ ဆက်သွယ်သောလမ်းကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ဖွံ့ဖြိုးရေးခွင့်ပြုငွေ ကျပ်သိန်း ၃၄၅၀ ဖြင့် မားသားဆောက်လုပ်ရေးကုမ္ပဏီမှ ဖေဖော်ဝါရီ ၂၂ ရက်က စတင်တာဝန်ယူဆောင်ရွက်ခဲ့သည်။ လမ်းအရှည်မှာ (၂/၅ ဒသမ ၂) မိုင်ဖြစ်ပြီး လမ်းအကျယ် ၁၂ ပေနှင့် ဒု ၈ လက်မ ကွန်ကရစ်လမ်းဖြစ်သည်။လမ်းအနိမ့်အမြင့်မရှိစေရန်အတွက် အောက်ခံမြေသားကိုစနစ်တကျတိုင်းတာညှိပြီး လမ်းအား ၂၀၁၄ ခုနှစ် မတ်လကုန်အတွင်းအပြီးသတ်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်းသိရသည်။

ဓာတ်ပုံ-အောင်ဆွေ(ရွှေတံတား)



ပျောက်ဆုံး

တော်ဝင်သူစက်မှုထုတ်လုပ်ကုမ္ပဏီလီမိတက်၏မှတ်ပုံတင်လက်မှတ်(၄၀၃၆/၂၀၁၁-၂၀၁၂)ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၉၄၅၂၂၄၅

jwjfUdk&fSSmjrf

ယောမင်းကြီးလမ်း	(13×48) HK	၇သိန်း
ယုနိုက်တက်ကွန်ဒို(ဒဂုံ)	(23×42) L ခန်း	၁၀သိန်း
ရန်ကင်းစင်တာ	(1760 sqft)Furnt	၁၆သိန်း
မရမ်းကုန်းလမ်းသန့်	(80×60) 2RC	၂၅သိန်း
အေးရိပ်မွန်အိမ်ရာ	(80×100) 2RC	၂၇သိန်း
ကမ္ဘာအေး(လုပ်ငန်းရ)	(55×70) 3 RC	၃၅ သိန်း
MWEA Tower	(1800 sq ft) Furnt	$ 3000

Ph:09 -73211124, 09 -428032807, 09 -250061159

တစ်ချက်တည်း ကျင်းဝင်

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် အရှေ့ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျော်စိုးသည် ဂေါက်သီးရိုက်ကစားဖော်များဖြစ်ကြသော သူရဦးမြင့်အောင်၊ ဦးဦးဇွန်း၊ ဦးဦးကျော်ဇံတို့နှင့်အတူ ၂၂-၂-၂၀၁၄ (စနေနေ့) နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံး အမျိုးအစား Srixon Soft Feel (No-3) အား သံတုတ် နံပါတ် (Honma Iron 9)ဖြင့် (၁၃၈)ကိုက်ကွာဝေးသော ကျင်းနံပါတ်(၂)သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၀) ဦးပိုင်အမှတ် (၉၆)၊ ၈၁-လမ်း၊ (၃၆×၃၇)လမ်းကြား၊ ဒေါ်ရင်အမည်ပေါက် ဘိုးဘပိုင်မြေကွက် သည် ၁၉၈၈ ခုနှစ် မီးလောင်ခံရသော မီးလောင်မြေကွက်ဖြစ်ပါသည်။ မီးလောင်ပြီးနောက် မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ ပြင်ဆင်အကွက်ရိုက် ဖော်ထုတ်၍ မီးမလောင်မီက နေထိုင်ခဲ့ကြသူများကို စတုရန်းတစ်ပေလျှင် (၇၀) ကျပ်နှုန်းဖြင့် အမည်ပေါက်သူ ဒေါ်ရင်၏ အမွေခံများသို့ ငွေများပေးချေစေပြီး မြေနေရာချထားပေးခဲ့ပါသည်။ လျှောက်ထားသောမြေသည် ယခင်ဦးပိုင်(၁၇)၊ ယခုဦးပိုင် (၉၆)ဖြစ်ပြီး၊ မန္တလေးအရှေ့တောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ မီးလောင်မြေနေရာချထားခြင်းခံရသူ ဦးပေါ်အေး [၉/မရတ(နိုင်)၀၄၁၉၆၃]မှ မီးလောင်မြေချထားပေးသည့်အမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် ဦးကြည်ဝင်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ မောင်းတိုင်(၂)၊ ရပ်ကွက်(၅)၊ မြောက်ပြင်ကျောင်းရပ်၊ မြေကွက်အမှတ်(၃၈)၊ ဧရိယာ(၀. ၁၈၁)ဧကရှိမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အသီးသီးတို့နှင့်ပတ်သက်၍တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟု ကတိပြုသူ ဦးစိုးဝေ[၈/တတက(နိုင်)၀၁၆၆၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါ သည်။

အထက်ဖော်ပြပါ အပြီးအပိုင်ဝယ်ယူမည့်မြေကွက်နှင့် ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူများနှင့်ပစ္စည်းအပေါ် အမွေဆက်ခံ တောင်းဆိုခွင့်ရှိသူများ အပါအဝင် ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းတရားဝင် ခိုင်မာသည့် အထောက်များဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါ ကအထက်ဖော်ပြပါ ရောင်းဝယ်မှုကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီဂီအောင်(စဉ်-၂၇၁၁၆) LL.B,Dip in Business Law
အထက်တန်းရှေ့နေ
အမှတ်(၁၉၉)၊ ဗိုလ်နတ်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၆၆၄၁၈

တိုက်နှင့်ခြံရောင်းမည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ သုမင်္ဂလာတွင် အကျယ်၅၉'×၉၉' ပေါ်တွင် RC တစ်ထပ်ပါ တိုက်နှင့် ခြံရောင်းမည်။

ဖုန်း - ၀၉-၅၁၇၂၇၁၄
၀၉-၄၂၀၁၁၅၄၂၉

တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု(၁)လမ်း၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မြေညီထပ်တိုက်ခန်း၊ အကျယ်ပေ (၃၀×၈၀)၊ MBR (၂)ခန်း၊ BR(၄)ခန်း၊ ဧည့်ခန်း(၂)ခန်း၊ ဘုရားခန်း၊ အဲယားကွန်း(၄)လုံး၊ ရေပူရေအေး၊ ရေချိုးကန်၊ ရေ/မီးကောင်းသည်။ ကားဂိုဒေါင်သီးသန့်၊ မြေပိုပေ (၂၀×၅၀)ပါရှိသည်။ အဆင့်မြင့်ပြင်ဆင်ထားသည်။

သိန်း ၃၈၀၀၊ ပွဲခ ၂ %

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၄၃၂၆၄၊ ၀၉-၅၀၅၄၀၅၆၊
၀၉-၅၀၂၀၈၆၅၊ ၀၉- ၂၅၀၂၇၂၂၈၁

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)

အသက်(၅၉)နှစ်

ဝန်ကြီးချုပ် ဦးမြတ်ကို(တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့)၏ ညီမဒေါက်တာမာလာနေဝင်းသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Mr.Alessio Polastri
U Tin Sein
Daw Wint Thandar Oo
Polastri Wint & Partners Legal Services Ltd.

ဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ
မြေကွက်များ
အထူးဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၄၃၁၇၉၇၄၇

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး)ဥပဒေပညာဌာန၊(ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဇေကရီခိုင်တို့၏ ချစ်လှစွာသောညီမ၊ ကြည့်မြင်တိုင်မြို့နယ်၊ တန်ဆောင်းကြီးလမ်း ၊အမှတ်(၂၀)သုံးလွှာနေ Captain တင်မောင်အေး၏ ချစ်လှစွာသောဇနီး ဒေါက်တာမာလာနေဝင်းသည် ၂၄-၂-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

K & L ကုမ္ပဏီနှင့် ရွှေကဆုန်ကုမ္ပဏီ
တပင်ရွှေထီးတာဝါ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

(ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)

ချစ်သောအန်တီကွယ်လွန်ခြင်းအတွက် တူနှင့် တူမတို့မှ အထူးကြေကွဲ ဝမ်းနည်းရပါသည်။ အန်တီ မာလာ ကောင်းရာ သုဂတိလားပါစေ။

ဗိုလ်ကြီးသုတနှင့် ဇနီး Dr. အိနှင်းဖြူ

တစ်လပြည့် လွမ်းဆွတ်သတိရ ကုသိုလ်ပြု အမျှပေးဝေခြင်း

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယိကာမကြီး

သုဓမ္မ သိင်္ဂီဒေါ်ခင်သိန်း(တောင်ကြီး)

အသက်(၈၃)နှစ်

တောင်ကြီးမြို့ရွှေကျားပျံ မရွှေဝါဆေးလိပ်လုပ်ငန်းပိုင်ရှင် ဘွားဘွားကြီးဒေါ်ခင်သိန်း ကွယ်လွန်သွားသည်မှာ ၂၈-၂-၂၀၁၄ရက်တွင် (၁)လပြည့် ခဲ့ပြီဖြစ်သော်လည်း မြေးတို့အားလုံးရဲ့ရင်ထဲမှာ ယနေ့တိုင်မေ့မရပါ။ လွမ်းဆွတ်သတိရဆဲပါ။ ဘွားဘွားကြီး၏ ဆုံးမစကားသံများကိုလည်း အောက်မေ့ သတိရနေဆဲပါ ဘွားဘွားကြီး။

ပြုပြုသမျှ ကုသိုလ်ကောင်းမှုအား ရောက်ရာဘုံဘဝမှ သာဓုခေါ် ယူနိုင်ပါစေ။

အမျှ အမျှ အမျှ ---

ဦးစိန်သောင်း-ဒေါ်စန္ဒာ
(Shinning Star Customs Clearing Agency) နှင့်
တာယောရွှေကျားပျံမရွှေဝါ ဆေးလိပ်လုပ်ငန်းမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပညာဝံသမဟာထေရ်

သိက္ခာတော်(၂၆)ဝါ၊ သက်တော်(၄၆)နှစ်

လှိုင်သာယာမြို့နယ်၊ သံဃနာယကအဖွဲ့ဝင် နယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ သီရိမင်္ဂလာအုန်းတောကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဦးဝါသေဌ၊ ဦးဇောတိပါလတို့၏ ညီတော်၊ နောင်တော်၊ ထောက်ကြန့်နေ ဒေါ်မြင့်၊ နွယ်ခွေကျေးရွာနေ ဒေါ်တင်လှ၊ ဒေါ်မြကြိုင်တို့၏တူတော်၊ ရွှေပြည်သာနေ ဦးဝင်းရွှေ-ဒေါ်ညိုမြ၊ ချော်တွင်းကုန်းနေ ဦးလှဝင်း-ဒေါ်နှင်းမြ(လှဝင်းကြီးဝပ်ရှော့)၊ ရွှေပြည်သာနေ၊ ဦးတင်မျိုး-ဒေါ်ဝင်းမြတို့၏မောင်၊ ဦးတင့်လွင်-ဒေါ်မြနွယ်တို့၏ အစ်ကို၊ ဖခမည်းတော်ကြီး (ဦးစံတင်)-မယ်တော်ကြီး ဒေါ်မြခင်တို့၏သား ဘဒ္ဒန္တ ပညာဝံသ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက၊ မိုးကုတ်ကမ္မဋ္ဌာနာစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်)သီရိမင်္ဂလာအုန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် သိက္ခာတော် (၂၆)ဝါ၊ သက်တော်(၄၆)နှစ်သည် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ရက်) ၁၅-၂-၂၀၁၄(စနေနေ့) ညနေ ၄း၁၀နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁-၃-၂၀၁၄ရက် မွန်းလွဲ ၃း၃၀နာရီတွင် သီရိမင်္ဂလာအုန်းတောကျောင်းတိုက် ယာယီစံကျောင်းတော်မှ ထိန်ပင်သုသာန် လောင်တိုက်ဆီသို့ ကရဝိက်ဖောင်တော်ဖြင့် ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးအသီးသီးမှ သံဃာတော်များနှင့်တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး) ဥပဒေပညာဌာန၊ (ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကေရီခိုင်တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Management & Staff
Andaman Power and Utility Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး) ဥပဒေပညာဌာန၊ (ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကေရီခိုင်တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာထွန်းမင်းလတ်၊ ဒေါက်တာဝင်းမင်းစိုး

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒုတိယဗိုလ်မှူးကြီး ဇေယျာဝင်း

ကြည်း/၂၇၈၈၆ အသက်(၃၉)နှစ်

တေဇ(၂၃)၊ B.A(History)

(၂၈-၂-၂၀၁၃ - ၂၈-၂-၂၀၁၄)

ဇေယျာရေ---မင်းရုတ်တရက်ခွဲခွာသွားတာ(၂၈-၂-၂၀၁၄)ရက်တွင် (၁)နှစ်ပြည့်ပြီနော်။ ဒါပေမယ့်လည်း တစ်ရက်မှ မေ့မရပါဘူး။ နောင်ဘဝဆက်တိုင်း ဒီလိုအဖြစ်မျိုး မကြုံပါစေနဲ့လို့ ဆုတောင်းပါတယ်။ မင်းအတွက် ရည်စူးပြီးနေ့စဉ်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အားလုံးကို အေးချမ်းမြင့်မြတ်သောဘုံဘဝမှ ရရှိခံစားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ--

မေမေ	**- ဒေါ်ခင်လှမူ**
ချစ်ဇနီး	**- ဒေါ်နှင်းယဉ်ဝင်း**
အစ်ကို	**- ဦးကျော်စွာဝင်းနှင့် အမြဲတမ်း သတိရနေသော နှစ်ဖက်ဆွေမျိုးများ**

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရဲရိပ်သာလမ်း၊ အမှတ်(၅၇၉)နေ(ဦးနေဝင်း-ဒေါ်ခင်နွဲ့နွဲ့)တို့၏သမီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကေရီခိုင်တို့၏ ညီမ၊ ဦးတင်မောင်အေး၏ ဇနီး၊ မမေသကြ်န်တင်မောင်အေး၏ မိခင်ဖြစ်သော ဒေါက်တာမာလာ နေဝင်း(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)သည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၀၇နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒုတိယဗိုလ်မှူးကြီးဇေယျာဝင်း

(ကြည်း/၂၇၈၈၆) တေဇ(၂၃)

၂၈-၂-၂၀၁၃ မှ ၂၈-၂-၂၀၁၄

- ငယ်စဉ်ကတည်းက ဘဝကို ရိုးသားစွာဖြတ်သန်းခဲ့ပြီး လူတိုင်းအပေါ် ရိုးသားစွာဆက်ဆံ တတ်သော
- တာဝန်ထမ်းဆောင်ခဲ့စဉ်တစ်လျှောက် အထက်လူကြီးများအပေါ် လေးစားစွာဆက်ခံကာ ပေးအပ်တဲ့ တာဝန်ကို စည်းကမ်းတကျ လိုက်နာထမ်းဆောင်တတ်သော
- မိမိတပည့်များ အပေါ်တွင်လည်း ကွယ်လွန်သည့်တိုင် ငဲ့ညှာထောက်ထားတတ်သော ကိုဇေယျာဝင်းရေ

ကွယ်လွန်ခဲ့သည်မှာ ၂၈-၂-၂၀၁၄ရက်မှာ တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ကိုဇေယျာဝင်းအတွက် ရည်စူး၍ နေ့စဉ်၊ လစဉ်၊ ပြုလုပ်မြဲဖြစ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဝိပဿနာကုသိုလ်စသော ကုသိုလ်အစုစုတို့ကို အမျှ အမျှ အမျှ ပေးဝေပါတယ်။ ရောက်ရှိတဲ့ဘုံဘဝမှာ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။ ဝဋ်ကြွေးဆိုတာ ရှိခဲ့ရင်လည်း ကြေပါစေ။ ဘဝဆက်တိုင်းဆက်တိုင်းလည်း သူတော်ကောင်းများနှင့် တွေ့ဆုံရ၍ သက်တမ်းစေ့ နေထိုင်နိုင်ပါစေလို့ ဆုတောင်းပေးလျက်ပါ။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့်
ဇနီး-ဒေါ်နှင်းယဉ်ဝင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)

ဦးမြတ်ကို(ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်ဧကေရီခိုင်(ကထိက၊ ငြိမ်း) တို့၏ ချစ်လှစွာသောညီမ၊ Captain တင်မောင်အေး၏ ချစ်လှစွာသောဇနီး ဒေါက်တာမာလာနေဝင်း [ပါမောက္ခ (ဌာနမှူး)၊ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်]သည် ၂၄-၂-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝဏ္ဏကျော်ထင်ဦးချစ်လွင်-ဒေါ်လေးမြင့်
ဦးသာရင်ဆေးတိုက်
လွင်မြင့်အောင်အင်ဒတ်စထရီရယ်(လ်)ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

အသက်(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး) ဥပဒေပညာဌာန၊ (ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကေရီခိုင်တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက် (၅၉)နှစ်သည် ၂၄-၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Management & Staff
Star Sapphire Hotel Co.,Ltd.

စာအုပ်စာပေ
လူ့မိတ်ဆွေ

---

(၁၀) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း)၊ ဆည်မြောင်းစီမံ

(ကြည်း-၂၀၃၁၈)၊ OTS အမှတ်စဉ်(၇၃)

မိသားစုနှင့် ခွဲခွာသွားတာ ၂၈-၂-၂၀၁၄ရက်တွင် ဆယ်နှစ်ပြည့်ပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွမ်းသတိရလျက် ရှိကြပါတယ်။ ဗိုလ်မှူးတင်မောင်ဝင်းအတွက်ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

